# No Man Is Above Law




# ဥပဒေအထက်၌ လူမရှိခြင်း၊ အခွင့်ထူးခံမလုပ်ခြင်း
# တို့ဆိုင်ရာ ဖွံ့ဖြိုးရေးစရိုက် လက်တွေ့ဆောင်းပါးများ


ဒေါက်တာထွန်းဝင်း

# ၁။ ဖွံ့ဖြိုးသောအဖွဲ့အစည်းတို့၏

# စရိုက်လက္ခဏာ တစ်ခု (သို့မဟုတ်) ကောင်းမွန်သောအုပ်ချုပ်ရေး

# GOOD GOVERNANCE

# (Voice ဂျာနယ်18 July 2011)

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျသော အခြေမှ တိုးတက်ရန်းထရန် ကြိုးစားလျက်ရှိပါ။ ထိုအခါ တိုင်းပြည် ဝင်ငွေ (GDP) (GNP) တွေ တိုးတက်ပုံဖြင့် မပြီးသေးဘဲ ဖွံ့ဖြိုးခြင်း Development ၏ စရိုက်လက္ခဏာတစ်ခုဖြစ်သော Governance အကြောင်းကို တင်ပြလိုပါ၏။

Governance ကို Government နှင့် မှားတတ်ပါသည်။

အဘိဓာန် ဖော်ပြချက်၌

Govemance =The Activity of Governing a Country or Controlling a Company or an Organization.

တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်ပုံ သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့ အစည်းတစ်ခုခုကို ထိန်းချုပ်ပုံဟူ၍ဖြစ်ပါ၏။

တစ်နည်းအားဖြင့်ဆိုပါသော် နိုင်ငံကို အုပ်ချုပ်သောအဖွဲ့၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့၏ လုပ်ပုံကိုင်ပုံ (Work Style)ဟုခေါ်နိုင်ပါ၏။

အဖွဲ့အစည်းတို့တွင် ကျိုတ်ပုန်းခုတ်တာ Good Gocernance မဟုတ် (သို့မဟုတ်) များသူအခြေပြုခြင်း Board Based ကျွန်တော်သည် ၂၀၁၀ ပြည့်နှစ် လွန်နှစ်များတွင် ဩစတြေးလျနိုင်ငံအပူပိုင်း ဆေးပညာကောလိပ် (Australian College of

Tropical Medicine)၏ ဂျာနယ်တွင် ဆောင်းပါးများ ရေးသားခဲ့ပါ၏။ ယင်း အပူပိုင်းဆေးပညာကောလိပ်၏ ဆေးပညာ အဖွဲ့ကြင်းတို့၏ နှစ်ပတ်လည် ညီလာခံ တက်ရန် ကျွန်တော့်ကို ဖိတ်စာပို့ဖူး၏။ လေယာဉ်ပျံလက်မှတ်ခ ငွေမတတ်နိုင်၍ မသွား ဖြစ်ခဲ့ပါ။ သို့သော် သူတို့တွေက သူတို့ ဘာတွေ လုပ်နေကြလဲ စသဖြင့် စာစောင်တွေကို ကျွန်တော့်ထံပို့ပေး၏။ ဤတွင် သတိထားမိသည်က အပူပိုင်းဆေးပညာအဖွဲ့ ဥက္ကဋ္ဌဆရာဝန်ဩစတြေးလျနိုင်ငံသားက တစ်နှစ်လောက်ကြာတော့ ဥက္ကဋ္ဌရာထူးဆင်းပေးပြီး နယူးဇီလန်ဆရာဝန်က ဥက္ကဋ္ဌရာထူး လက်ခံ ပါတယ်။ ညီလာခံတက်ရောက်သူအားလုံးက ဥက္ကဋ္ဌ၊ အတွင်း ရေးမှူး၊ အမှုဆောင်၊ ဘဏ္ဍာရေးမှူး ရာထူးတွေကို မဲပေးရွေး ချယ်ကြပါ၏။ နောက်တစ်နှစ်လောက်လည်းကြာရော နယူး ဇီလန် ဆရာဝန်က ဥက္ကဋ္ဌရာထူးကဆင်းပြီးနောက် ဆရာဝန် တစ်ဦးက ဥက္ကဋ္ဌတာဝန်ယူပါ သည်။ ဥက္ကဋ္ဌရာထူးကို အကြာကြီး ဖက်မထားပါ။

တစ်ခါတုန်းကတော့ အမည်မဖော်လိုသော အာဆီယံ နိုင်ငံတစ်ခုတွင် ဖြစ်သွားသည်မှာ ယင်းနိုင်ငံ၏ ပြည်တွင်း NGO, LNGO တစ်ခုသည် ဆေးရုံတစ်ခု ဖြစ်ပြီး အလှူငွေနှင့် ရပ်တည် ပါ၏။ Loacl NGO ၏ ဥက္ကဋ္ဌလုပ်နေသည်မှာ အနှစ် (၂၀)ကျော် ပါပြီ။ တစ်နှစ် တစ်ခါ နှစ်ပတ်လည်ညီလာခံလုပ်ပြီး အလှူရှင်တွေ ကိုဖိတ်၍ နေ့လည်စာ တည်ခင်း၏။ ယင်းနောက် ငွေစာရင်းရှင်း တမ်း ဖတ်ကြား၏။ ပြီးတော့ အလှူရှင်တွေကို ကျေးဇူးတင် ကြောင်း ပြောပြီး ညီလာခံပြီး၏။

ဥက္ကဋ္ဌရွေးပွဲ၊ အမှုဆောင်ရွေးပွဲကျတော့ အလှူရှင်တွေ တက်ရောက်သော ညီလာခံ၌ မပြုလုပ်ပါ။ သီးခြားကိုယ်ပိုင်းလေး နှင့် လုပ်လိုက်၏။ ဥက္ကဋ္ဌရာထူး၏ သက်တမ်းက ဘယ်နှစ်နှစ်လဲ၊ အမှု ဆောင်ရာထူးသက်တမ်းက ဘယ်နှစ်နှစ်လဲဆိုတာကိုလည်း ညီလာခံက မသိပါ။ ဒီတော့များသူကို အခြေပြုခြင်း (Broad Based) ဆိုတော့ မရှိ၍ Good Governance ဟု မဆိုနိုင်ပါ။

တစ်ဖန် အာဖရိကနိုင်ငံတစ်ခုတွင်ဖြစ်ခဲ့သော ကိစ္စ တစ်ခုကတော့ အာဖရိကတိုက်၏ဖွံ့ဖြိုးဆဲ အာဖရိကနိုင်ငံ တစ်ခု တွင် INGO တစ်ခု

လာရောက်အလုပ်လုပ်ပါသည်။ ထိုအခါ ကျန်းမာရေးစီမံကိန်း တစ်ခုလုပ်၏။ စီမံကိန်းအရာရှိအဖြစ် ဒေသခံ နီဂိုးဆရာဝန် ဒေါက်တာဒတ်စ် (Dr. Das) ဆိုသူကို ခန့်လိုက်၏။ ကျေးလက်ဒေသတွင် ကျန်းမာရေး စီမံကိန်းလုပ်ရာ ကျေးရွာများ တွင် ကျေးရွာကျန်းမာရေးကော်မတီ Village Health Committee တွေ ဖွဲ့စည်းရန်အကြောင်း ပေါ်ပေါက်လာ၏။ ထိုအခါ Dr. Das က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (အာဖရိကန် မြို့နယ်ဆရာဝန်) နှင့် ဆွေးနွေး ညှိနှိုင်း၏။ အာဖရိကန် မြို့နယ် ဆရာဝန်က Village Health Committee (VHC) တွေ ဖွဲ့ထားတာရှိတယ် ဆိုတာ ကျေးရွာ VHC တို့၏ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်စာရင်းများကို ထုတ်ပေး၏။ ထိုအခါ INGO က ကျေးလက်ကျန်းမာရေးကော်မတီများကို ရန်ပုံ ငွေ (FUND) ပံ့ပိုးမည်ဟု ဆိုလာပါ၏။ သို့နှင့် Dr. Das သည် ငွေထုပ် ပိုက်ကာ ရွာထဲသွား၍ သူကြီးနှင့်တွေ့၏။ သူကြီးအား အကူအညီ တောင်း၍ ရွာလုံးကျွတ် ညီလာခံခေါ်၍ တစ်အိမ်တစ်ယောက် ကြွရန် ဖိတ်ကြား၏။ ရွာလုံးကျွတ်ညီလာခံ၌ VHC ဥက္ကဋ္ဌအား Dr. Das က ကျန်းမာရေးရန်ပုံငွေ မတည်ကြောင်းပြော၍ အမေရိကန်ဒေါ်လာ တစ်ထောင်နှင့်ညီမျှသော ဒေသသုံးငွေကို အပ်နှံပါသည်။ ထိုအခါ ငွေအပ်ခံရသော VHC ဥက္ကဋ္ဌဟု ကင်ပွန်းတပ်ခံ ရသူက ကျုပ်ကို ဘာလို့ ငွေတွေ ပေးရတာလဲမေး၏။ Dr. Das က စီမံကိန်းက VHC ကို ရန်ပုံငွေ ထောက်ပံ့ပေးရတာပါဟု ပြောရာ VHC ဥက္ကဋ္ဌဆိုသူက သူ့ကို ဘယ်တုန်းက ဥက္ကဋ္ဌ ခန့်လိုက်တာလဲ ပြန်မေး၏။ VHC ဥက္ကဋ္ဌသည် သူ့ကိုယ်သူ ဥက္ကဋ္ဌဖြစ်နေမှန်း မသိပါ။ မြို့နယ်ဆရာဝန်က သူ့သဘောနှင့်သူ ဥက္ကဋ္ဌတွေ၊ အတွင်း ရေးမှူးတွေ ရွေးထားတာဖြစ်ပြီး သက်ဆိုင်ရာ ကာယကံရှင် တွေကို အကြောင်း မကြားမိတာပါ။ သို့နှင့် VHC ဥက္ကဋ္ဌဆိုသူက သူ့မှာ အလုပ်များလို့ ဥက္ကဋ္ဌမလုပ်ပါရစေနှင့်ဆို၍ Dr. Das က Broad Base (များသူ အခြေပြုခြင်း)အကြောင်း ရှင်းပြပြီး ရွာလုံး ကျွတ်ညီလာခံ၌ အများဆန္ဒနှင့်အညီ ဥက္ကဋ္ဌတစ်ဦးကို ထပ်မံ ရွေးချယ်၍ ရန်ပုံငွေများ အပ်နှံခဲ့ရပါ၏။ ထို့ကြောင့် မူလက ကျေးလက်ကျန်းမာရေးကော်မတီ၏ Work Style သည် Good Governance မဖြစ်ဘဲ ING က Good Governance ဖြစ်အောင် လေ့ကျင့်ပေးခဲ့ပါ၏။

တစ်ဖန် နောက်ထပ်အဖြစ်အပျက်တစ်ခုကတော့ အထက်ပါ အာဖရိကနိုင်ငံ၌ပင် ဖြစ်ပါ၏။ အာဖရိကန်ဆရာဝန် အသင်း နှစ်ပတ်လည် ညီလာခံကျင်းပ၏။ ညီလာခံ၌ ဆေးပညာ စာတမ်းတွေ ဖတ်၏။ ပြီးတော့ ညစာစားပွဲလုပ်ပြီး ဆရာဝန် အများစု နေရပ်ပြန်ကြ၏။ ယင်းနောက်မှသာ အလုပ်အမှုဆောင် ရွေးပွဲ၊ ဆရာဝန်အသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးရွေးပွဲကို သီးခြားကျိတ်ဝိုင်းလေးလုပ်၍ ရွေးချယ်၏။ ဒီတော့ ဆရာဝန်ညီလာခံ ဆိုသည်မှာ စာတမ်းဖတ်ပွဲနှင့် ဆေးကုမ္ပဏီတို့၏ ဆေးကြော်ငြာ ပွဲသာ ဖြစ်နေပါ၏။ အမှန်မှာ ညီလာခံတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ရွေးရမည်။ ဆုံးဖြတ်ချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေချရမည်။ စာတမ်းဖတ်ရုံမက ဆွေးနွေးစရာ ခေါင်းစဉ်တွေများစွာ ရှိ၏။ ဥပမာ-ကျင့်ဝတ်ပျက်သော ဆရာဝန်တွေကို ဘယ်လို အရေးယူ မလဲဆိုတာမျိုး ဆွေးနွေးနိုင်ရမည်။ ဘယ်လို ကျန်းမာရေး စီမံကိန်း တွေ လုပ်ဖို့လိုလဲ။ စီမံကိန်းလုပ်မယ်ဆိုရင် စီမံကိန်းကို ဘယ်သူ ရေးဆွဲမလဲ။ စီမံကိန်းဘတ်ဂျက်ရဖို့ WHO တို့၊ INGO တို့ကို ဘယ်လို အလှူငွေ တောင်းမလဲ။ ငွေတွေရလာရင် ဘယ်သူတွေ က စီမံကိန်းကို ဦးစီးမလဲ စသည်ဖြင့် ဆုံးဖြတ်ချက်ကို ညီလာခံ က ချရမည်။ ထိုအခါ Good Governance ဖြစ်ပါမည်။ ညီလာခံက မလုပ်ဘဲ သီးခြားကျိတ်ဝိုင်း လေးတွေနှင့် လုပ်ပါက Bad Governance ဖြစ်ပြီး ဖွံ့ဖြိုးမှု Development နောက်ကျပါမည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ ဥပမာ- ၂၀ နိုင်ငံများက နိုင်ငံသား များကတော့ တိုးရစ်လုပ်၍ ကမ္ဘာလှည့်နိုင်၏။ ဆင်းရဲသော နိုင်ငံက နိုင်ငံသားတွေက နိုင်ငံသားတွေက နိုင်ငံခြားကို မိမိစရိတ် ဖြင့်သွား၍လည်ပတ်နိုင်သည်မှာရှား၏။ (မှတ်ချက်။ အလုပ် ကြမ်းသွားလုပ်သည်ကလွဲ၍ ဖြစ်ပါ၏။) ထိုအခါ အသင်းအဖွဲ့များ၊ ပြည်တွင်း NGO များတွင် အဖွဲ့ကို ကိုယ်စားပြု၍ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် အလုပ်ရုံ ဆွေးနွေးပွဲ(Work Shop)စသည်တို့ တက်ရပါက သွားမည့်ကိုယ်စားလှယ်ကို သင်းလုံးကျွတ်ညီလာခံ၌ မရွေးဘဲ ကျိတ်ဝိုင်းလေးတွေနှင့် ရွေးလေ့ရှိ၏။ ထို့ကြောင့် ဆိုလို သည်မှာ GDP, GNP နိမ့်မှ ဖွံ့ဖြိုးမှုအဆင့် နိမ့်တာမဟုတ်။ သည်လို ကိစ္စမျိုးတွေကလည်း ဖွံ့ဖြိုးမှုအဆင့်နိမ့်ခြင်းဖြစ်သည်။

မျှတခြင်း Equity ( (သို့မဟုတ်)

Good Governance ၏ အစိတ်အပိုင်းတစ်ခု

အဖွဲ့အစည်း၊ ကုမ္ပဏီ၊ နိုင်ငံတစ်ခုစသည်တို့တွင် မျှတမှု သည် ဖွံ့ဖြိုးခြင်း၏ လက္ခဏာပင်ဖြစ်ပါ၏။ တစ်ချိန်က အမေရိကန်လို နိုင်ငံမျိုးတွင်မှာတောင် မျှတမှု Equity ဆိုတာ မရှိခဲ့ပါ။ ဥပမာ- ရှေးယခင်က အမေရိကတွင် နေထိုင်သော အာဖရိကန်နွယ်ဖွားတို့သည် ဆန္ဒမဲပေးပိုင်ခွင့်မရှိ။ မြေယာ ပိုင်ဆိုင်ခွင့်မရှိသော ငွေဝယ်ကျွန်များသာဖြစ်ခဲ့ကြပါ၏။ နောင် အခါ(၁၆)ဦးမြောက် သမ္မတကြီး မစ္စတာ အီဗရာဟင်လင်ကွန်း လက်ထက်တွင် ငွေဝယ်ကျွန်များကို လွတ်မြောက်စေခဲ့၏။ တစ်စ တစ်စနှင့် မဲပေးပိုင်ခွင့်စသဖြင့် အခွင့်အရေးများ တိုးတက်လာရာ ယခုမျက်မှောက်ကာလတွင် အာဖရိကန်နွယ်ဖွား မစ္စတာအိုဘားမား သည် သမ္မတဖြစ်ခွင့်ပင်ရပါပြီ။ ထိုအခါ လူမည်းနှင့် လူဖြူကြား မျှတမှု Equity သည် အမေရိကန်၏ Good Governance ဖြစ်ရာတစ်နည်းအားဖြင့် အမေရိကန်၏ Development ဖြစ်၏။

အားနည်းသူကို ပိုမိုဂရုစိုက်ခြင်းသည်လည်း မျှတမှု (Euity) ပင် ဖြစ်ပါ၏။ အရှေ့တိုင်းနိုင်ငံဒေသများတွင် အိမ်ထောင်ရှင် အမျိုးသမီးများသည် အမျိုးသားများကို ဦးစားပေးရ၏။ အစား အသောက်ကအစ ဦးစားပေးလေ့ရှိ၏။ ဘင်္ဂလားဒေ့ရှ်ခေတ် နောက်ကျကျန်ခဲ့ရသောသူများမှာ အမျိုးသမီးများဖြစ်၍ နိုဘယ်လ်ဆုရ ပါမောက္ခယူနွတ်၏ ဂရာမင်းဘဏ်က အသေးစား ငွေချေး စီမံကိန်းကို လုပ်သောအခါ အမျိုးသားတွေကို မချေးဘဲ အမျိုးသမီးတွေကို ချေးငှား၏။ ဂရာမင်း INGO စီမံကိန်းသည် Governance သဘောတရားကို လိုက်နာသည်ဟု ဆိုနိုင်၏။

ကျွန်တော်သည် INGO နှင့် UN တို့တွင် အလုပ်လုပ်ဖူးရာ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် Oxford တက္ကသိုလ် က Ph.D ရ၏။ သို့သော် လူကမြန်မာလူမျိုးပါ။ သူ့လခက ဒေါ်လာ ၉၀၀ ဖြစ်၏။ နောက်တစ်ဦးကတော့ သူနဲ့တစ်ဖွဲ့တည်းလုပ် သော UK နိုင်ငံသားဖြစ်ပြီး Oxford ကပင် Ph.D ရ၏။ မြန်မာ Ph.D လောက်တောင် Service မများသော်လည်း သူက UK နိုင်ငံသား ဖြစ်လို့လား မသိပါ။ သူ၏လခကတော့ ဒေါ်လာတစ်သောင်းခွဲ ဖြစ်၏။ ဒီတော့ Oxford တက္ကသိုလ်က Ph.D

ရတာချင်းအတူတူ UK နိုင်ငံသားနဲ့ မြန်မာနိုင်ငံသား လခချင်းကွာ၏။ Equity မရှိသလိုဖြစ်ရာ INGO ၏ Governance Quality ကို မေးခွန်းထုတ်စရာဖြစ်၏။

ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် NGO စီမံကိန်းများလုပ်ရာ၌ ဒေသခံ နိုင်ငံသားအရာရှိများသည် G 20 က နိုင်ငံခြားသား နိုင်ငံ တကာဝန်ထမ်းများကို တန်းတူပြောဆို ရေးဆိုခွင့်ရှိပါရဲ့လား။ သူတို့ပြောသမျှ "Yes Sir" "OK" ဟု ခေါင်းညိတ်နေရလျှင် အင်္ဂလိပ်ကိုလိုနီခေတ်က မြန်မာသူကြီးက အင်္ဂလိပ်အရေးပိုင်ကို မှန်ပါ့ဘုရားဟု လုပ်ခဲ့ပုံနှင့် တူနေပါက မျက်မှောက်ခေတ် G 20 နိုင်ငံတို့၏ NGO တို့၏ Quality သည် ကိုလို နီခေတ် (၁၉)ရာစု Goveranance အခြေအနေနှင့်စာလျှင် ဖွံ့ဖြိုးမှု Deverlopment မရှိဟု ဆိုနိုင်ပါ၏။

Transparency (သို့မဟုတ်)

ထင်သာမြင်သာရှိခြင်းသည် Good Governance ၏စရိုက် လက္ခဏာတစ်ခု ဖြစ်၏

Transparency ဆိုသည်ကတော့ ကော်ပြားအကြည်လေး တစ်ချပ်ဖြစ်ပြီး သူ့ကို ဖောက်ထွင်းမြင်နိုင်ပါသည်။ အခန်း တစ်ခန်းကို Transparency ခေါ် ကော်ပြားအကြည်တွေနှင့် ကာရံ ထားပါက အခန်း အတွင်းတွင် ဘာလုပ်နေသနည်းဆိုသည်ကို အပြင်လူက မြင်နိုင်ပါ၏။ NGO တို့တွင် Transparency ဖြစ်ရမည် ဟုဆိုလျှင် အမိပ္ပါယ်မှာ ငွေစာရင်းကို လျှို့ဝှက်မထားဘူး။

ဘာတွေလုပ်နေသည်ကို လျှို့ဝှက်မထားဘူးဟု ဆိုလိုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုပါသော် လျှို့ဝှက်မထားခြင်း သည် မဟုတ်တာလုပ်ထားတာ ဘာမျှမရှိဟု ဆိုလိုခြင်းဖြစ်ပါ ၏။ လူသိမခံရဲသော ကိစ္စတစ်ခုခုရှိနေလျှင် မဟုတ်တာ တစ်ခုခု လုပ်ထားသလားဟု သံသယဝင်မည်ဖြစ်၏။ အများနှင့် သက်ဆိုင်သော အဖွဲ့အစည်းများတွင် အများပြည်သူတွေကို လျှို့ဝှက်စရာကိစ္စ မထားအပ်ခြင်းဟူသော ဒဿနကို လက်တွေ့ ကျင့်သုံးပါက Good Governance ဖြစ်ပါ၏။

Good Governance ၏ စရိုက်လက္ခဏာတစ်ခု (သို့မဟုတ်) မှန်ကန်စွာ တင်ပြရန် တာဝန်ယူခြင်း Accountability Accountability ဟူသော ဝေါဟာရကို အဘိဓာန်တွင် ရှာဖွေပါက တာဝန်ဟု တွေ့ရမည်။ သို့သော် ထိုစကားလုံးကို မှန်ကန်စွာ တင်ပြအစီရင်ခံရန် တာဝန်ဟု အသုံးများ၏။ NGO တို့ကို အလှူရှင်၊ စီမံကိန်းဝင် ကျေးရွာလူထု၊ ဒေသခံဌာနဆိုင်ရာ တို့ကို မှန်ကန်စွာ တင်ပြရန် တာဝန်ရှိပါ၏။ ဥပမာ- စီမံကိန်း တစ်ခုသည် မအောင်မြင်ပါက ဖုံးဖိမထားရပါ။ မအောင်မြင် ကြောင်း မှန်စွာအစီရင်ခံရပါမည်။

မြို့တစ်မြို့တွင် မြို့ဦးစေတီဂေါပကအဖွဲ့ရှိသည် ဆိုပါစို့။ ယင်းစေတီသည် တစ်နှစ်စာ အလှူခံပုံးထဲက ဝင်ငွေကဘယ်လောက်၊ စေတီဘုရားပွဲလုပ်တော့ ဆိုင်ခန်းတွေ ငှားတာက ဘယ်လောက်ရတယ်၊ ဘုရားပွဲမှာ ဇာတ်ပွဲသွင်းတော့ ကန်ထရိုက် ထံက အလှူငွေ ဘယ်လောက်ရတယ်၊ ပြီးတော့ အလှူငွေတွေ ကို မည်သို့ပြန်သုံးသည်၊ ဥပမာ-စေတီကို ရွှေသင်္ကန်းကပ်ခြင်းက ဘယ်လောက်စသဖြင့် ဂေါပကအဖွဲ့က မြို့လူထုကို အစီရင်ခံရန် တာဝန်ရှိ၏။ ယင်းကို မှန်ကန်စွာတင်ပြရန် တာဝန် Accountability ဟု ခေါ်ပါ၏။ ဘုရား ပွဲမှရသောငွေများကို ဘုရားလူကြီး ဂေါပကများက တစ်ပြားတစ်ချပ်မှ ကိုယ်ကျိုးမသုံးပါ။ ကြိုက် သည့်အချိန် စာရင်းဇယားများ လာကြည့်ပါဟု မှတ်ကျောက် အတင်ခံရဲပါက Transparency နှင့် Accountability ဒနသဘော လက်တွေ့ကျင့်သုံးသည်ဟုခေါ်နိုင်ပြီး Good Governance ဖြစ်၏။ စာရင်းအစစ်ခံရမည်ကိုကြောက်ပြီး သိုသိုသိပ်သိပ်လေးနှင့် ဇက်ကလေးပု နေရလျှင်မူ Good Governance အဖြစ်သေးဟု ဆိုရပါမည်။

ကျွန်တော်သည် ၁၉၉၉ ခုနှစ်က မြန်မာနိုင်ငံတွင် UNDP က ပြုလုပ်သော လူမှုဖွံ့ဖြိုးရေးအစီအစဉ်၏ လူမှုဖွံ့ဖြိုးရေး အရာရှိ ကာညေ Human Development Officer အဖြစ် အမှုထမ်းခဲ့ရာ ကျွန်တော်တို့အား Development သင်တန်းပေးရန် ပါကစ္စတန်နိုင်ငံ က ဒေါက်တာတာရစ်ဟူစိန် Ph.D (Development) ရောက်လာခဲ့ ။ ဒေါက်တာ တာရစ်ဟူစိန်က ကောင်းမွန်သော အုပ်ချုပ်ရေး Good Governance အကြောင်း သင်ပေးရာ သူသင်ပေးသော ဒနများကို အခြေပြု၍ ကျွန်တော် ကဗျာစပ်ခဲ့၏။ Good

Governance တွင် အောက်ပါ သဘောတရားများ ပါဝင်၏။

Good Governance

ပွင့်လင်း (Transparency)

ညီတူ (Equity)

များသူအခြေပြု(Broad Based)

အစီရင်ခံခြင်း အမှန်အကန်ပြု(Accountalibity) ဟူ၍ဖြစ်၏။

မှားတတ်သော ခပ်ဆင်ဆင်စကားလုံးများ

Goverment = အစိုးရ

Gocvernance = အစိုးရ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့၏ လုပ်နည်းလုပ်ဟန်

Governess = မီးဖိုချောင်ကို အုပ်ချုပ်သူ

အိမ်တော်စိုး

လူချမ်းသာတို့၏ သားသမီးတို့ကို

စာသင်ရန်၊ အတူလာနေရန်

ငှားရမ်းထားသော

အိမ်တော်ဝန်အမျိုးသမီး

•••

## ၂။ ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာ တစ်ခု(သို့)ယုံကြည်ခြင်းကို ခံယူထိုက်သူ ဖြစ်ခြင်း

## (HOT NEWS ဂျာနယ်,f 14-20 Oct 2011)

ယခု ဤဆောင်းပါးကို ရေး သားရခြင်းအကြောင်း ကတော့ မကြာမီရက်ပိုင်း ထုတ်ဝေခဲ့သော ဂျာနယ်များ တွင် အမေရိကန် နိုင်ငံသို့ ပြောင်းရွှေ့သွားသော မြန်မာနိုင်ငံသား ဦးဖိလစ်မောင် ဆိုသူသည် ယခု အခါ အမေရိကန်၌ ဆူရှီ ဆိုင်ပေါင်း (၄၀၀) ကျော်ကို ပိုင်ဆိုင်နေသော လုပ်ငန်းရှင် အင်ထရာ ပရနော (En-trepreneur) တစ်ယောက် ဖြစ်နေပြီး အမေရိကန်သမ္မတ အိုဘားများ ကပင် အိမ်ဖြူတော် သို့ဖိတ်၍ ဂုဏ်ပြုရသည်ဟု ဆိုပါသည်။

ဦးဖိလစ်မောင်က ရှင်းပြရာတွင် သူ၏ အောင်မြင်ရကြောင်းမှာ သူ၏ အလုပ်သမား (Staff) တို့ကောင်း၍ အောင်မြင် သည်ဟု ဆိုပါ၏ ။ သူက ဆက်လက်ရှင်းပြရာတွင် သူ၏ အလုပ် သမားတွေ ကို ပြောပြတာ ကတော့ ဒီအလုပ်ကို စီးပွားရေး ကြောင့် လုပ်ရတာ ထက် ဝါသနာအရ လုပ်တာပါ။ အလုပ်သမားတွေ က လည်း ဝါသနာကို အခြေပြု၍ ပျော်ပျော်ရွှင်ရွှင် ကြိုးစားကြတာ ကြောင့် အောင်မြင်သည်ဟု ဆိုပါ၏ ။ ဤတွင် ပေါ်လွင်ထင်ရှား သော အချက်တစ်ခုမှာ ဦးဖိလစ်မောင်သည် ဆိုင်(၄၀၀)စလုံး ကိုလိုက်မကြည့်နိုင်ပါ။ လုပ်ငန်းရှင်က မျက်လုံးဒေါက်ထောက် ကြည့်နေသည် ဖြစ်စေ၊ မကြည့်ဘဲ ဖြစ်စေ ကြိုးစား၊ ရိုးသားစွာ လုပ်ကိုင်ခြင်းကို ယုံကြည်ထိုက်သူများ ဖြစ်ခြင်း Persons of reli-ability ဟုခေါ်ပါသည်။ အမေရိကန်ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် လူတော်တော် များများ Relibility ရှိကြသည်ဟု ဆိုပါ၏ ။Belief (ယုံကြည်ခြင်း)နှင့် Reliability (ယုံကြည်ထိုက်သူ ဖြစ်ခြင်း) ဟူသော အဓိပ္ပါယ်မတူပါ။ လွန်ခဲ့သော (၃)နှစ် ခန့်က မြန်မာနိုင်ငံတွင် ဟောပြောပွဲတို့၌ ဖွံ့ဖြိုးပြီးနိုင်ငံတွေ မှာ လူတွေ တစ်ယောက် နှင့်

တစ်ယောက် ယုံကြတယ်။ မယုံဘူးဆိုရင် မဖွံ့ဖြိုးလို့ပဲဟုဆိုရာ Belief လုပ်ရမလို ဖြစ်နေ၍ အမှန် ကတော့ ဖွံ့ဖြိုးပြီး နိုင်ငံတို့တွင် မျက်စိမှိတ်ပြီး ယုံနေကြတာ မဟုတ်ဘဲ၊ လူအများ စုက ယုံကြည် ထိုက်သူတွေ ဖြစ်နေတာသာ ဖြစ်ပါ၏ ။

ယုံကြည်ထိုက်သူတွေ ဖြစ်ခြင်းဆိုရာ၌ ငွေရေး ကြေးရေး ကိစ္စ၌ သာမဟုတ် အချိန်မှန်ခြင်း၊ အချိန်လေးစားခြင်း၊ ကတိ တည်ခြင်း စသဖြင့် ကဏ္ဍအမျိုးမျိုး ပါဝင်ပါ၏ ။

ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် လူ တစ်ယောက် ကို မယုံကြည် ထိုက်ပါက မိမိဘက်က တစ်ကွက်ဦးဖို့ လိုပါသည်။

စာရေး သူ ကျွန်တော် ငယ်ငယ်က ကာတွန်းဆရာမောင်ဝဏ္ဏ ရေး သော စုံထောက်ကြီး အာဖုံကြွီး ဇာတ်လမ်းများ ကို နှစ် ခြိုက်စွာ ဖတ်ရှုဖူးပါသည်။ ဇာတ်လမ်းတစ်ပုဒ်၌ ဇာတ်လိုက်ကြီး စုံထောက်အာဖုံကြွီးသည် အယောင်ယောင်အမှား းမှား လုပ်တတ် သည့်အပြင် အချိန်ကို လေးစားသူမဟုတ်။ တစ်နေ့တော့ မြို့မိ မြို့ဖများ အစည်းအဝေးတစ်ခုသို့ အာဖုံကြွီးကို ဖိတ်ပါတယ်။ နံနက်(၉)နာရီမှာ အစည်းအဝေးရှိပါ၍ ဆက်လက်ကြွရောက်ပါရန် ဖိတ်တယ်။ သို့သော် အာဖုံကြွီးက အချိန်မလေးစား၍ အစည်း အဝေးကို ညနေ(၄)နာရီမှ ရောက် သွားပါတယ်။ သူနောက်ကျနေပြီ ဆိုတာသိတော့ အာဖုံကြွီးဟာ လမ်းလျှောက်မသွားဘဲ အစည်း အဝေးသို့ ပြေးပြီး သွားပါတယ်။ ညနေ(၄)နာရီမှာ အစည်းအဝေး ခန်းထဲသို့ အာဖုံကြွီးသည် ဟောဟဲ ..... ဟောဟဲနှင့် အစည်းအဝေး လုပ်နေသူများ ကို အာဖုံကြွီးက တောင်းပန်စကားဆိုပါတယ်။။ "ခွင့်လွှတ်ပါခင်ဗျာ။ ကျွန်တော် အစည်းအဝေး နောက်ကျတာ ခွင့်လွှတ်ပါ" လို့ဆိုတယ်။ ထိုအခါ အစည်းအဝေး သဘာပတိက "တောင်းပန်စရာ မလိုပါဘူး။ အစည်းအဝေးက မစရသေးပါဘူး။

အခုမှ စမလို့လုပ်နေတာပါ"ဟုဆိုရာ အာဖုံကြွီးက "ဟာ နံနက် (၉)နာရီမှာ စမယ့် အစည်းအဝေးက ဘာ့ကြောင့် ခုထိ မစရသေး တာလဲ" လို့ ဆိုပါတယ်။ ထိုအခါ သဘာပတိက "အစည်းအဝေး က ညနေ (၄)နာရီမှာ စမယ်လို့ ဖိတ်စာမှာ ရေး ရင် ခင်ဗျားက နောက်ကျတတ်တော့ည(၉)နာရီမှ ရောက်လာမှာ ကိုး။ ဒါကိုကြို သိလို့ ညနေ(၄)နာရီ

စမယ့်အစည်း အဝေးကို နံနက်(၉) နာရီလို့ ရေး လိုက်တာပါ" ဟုဆိုရာ အာဖှုံကြီးက လန့်သွားပြီး "ဟိုက်ရှားဘား" ဟု အော်လိုက်ပါကြောင်း၊ စုံထောက်ကြီးသည် ယုံကြည်ထိုက်သူ မဟုတ်ဟုဆိုပါမည် ။

ကျွန်တော် သည် တစ်ခါက JNGO တစ်ခု၏ စီမံကိန်း တစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်နယ်၌ တာဝန်ထမ်းနေရသည် ဖြစ်ရာ ရန်ကုန်ရုံးသို့ အရေး ပေါ် အရေး ကြီးအစီရင်ခံစာတစ်စောင် ကို ကွန်ပျူတာနှင့် ကျွန်တော် ကိုယ်တိုင်ရိုက်နေသည်။ ထိုစဉ် ကွန်ပျူတာကို ပရင့်ထုတ်ရန် A 4 စာရွက်ကုန်သွား၍ ကျွန်တော် က ရုံးလုလင်လေးအား ဈေးသို့သွား၍ A 4 ဝယ်ခိုင်း၏ ။ ရုံးနဲ့ ဈေးနဲ့ လမ်းလျှောက်သွားရင် (၁၀)မိနစ် ပဲ လျှောက်ရသဖြင့် ခပ်မြန် မြန် လမ်းလျှောက်ပြီး သွားဝယ်ကွာဟု ပြော၏ ။ ဤတွင် အခြား အရာရှိ တစ်ယောက် က ကြားဝင်၍ ဆရာရေ ရုံးလုလင်လေးကို မော်တော် ဆိုင်ကယ်နှင့် သွားဝယ်ခိုင်းပါလား။ ဆိုက်ကယ်ပေးသုံးလိုက်ပါဆရာဟု ဆိုပါ၏ ။ ကျွန်တော် က မော်တော် ဆိုင်ကယ်ပေးသုံးလိုက်ရင် A 4 တစ်ထုပ်ဝယ်တာ အချိန်(၂)နာရီ လောက် ကြာလိမ့်မယ်ဟုပြောရာ သူကမဟုတ်တာ ဆရာရယ်။ ဆိုင်ကယ် နဲ့သွားဝယ်ရင် (၂)မိနစ်အတွင်း ပြန်ရောက်လာမှာ ပေါ့။ အရာရှိ တွေ မှ ဆိုင်ကယ်စီးရမယ်။ စာရေး စာချီ ရုံးလုလင်တွေ ဆိုင်ကယ် မစီးရဘူးဆိုပြီး မခွဲခြားသင့်ပါဘူးဟု ဆိုပါ၏ ။ ကျွန်တော် ကလည်း ဒါဆိုရင် ရှေ့ဘာဆက် ဖြစ်မလဲ သိရအောင် "ဆိုင်ကယ် ပေးသုံး လိုက်မယ်။ ယူ သွားပါစေ"ဟုဆိုရာ ရုံးလုလင်ပျော်သွားပြီး ဆိုင်ကယ်နဲ့ ဈေးသို့ A 4 စက္ကူဝယ်ရန် ထွက်သွား၏ ။ သုံးနာရီခွဲ လောက် ကြာသော် လည်း ပြန်မလာပါ။ သုံးနာရီခွဲလောက်ကြာမှ ဗ၄ စက္ကူတစ်ထုပ်နဲ့ ပြန်ရောက်လာရာ ကျွန်တော် က ဘာကြောင့် နောက်ကျတာလဲ လုံးဝမမေးပါ။ ဆိုင်ကယ်ပေးစီးရန် အကြံပြုသူ အရာရှိက Report နောက်ကျမည် စိုးပြီး မျက်နှာပျက်နေ၏ ။ သူက ကျွန်တော့် ကို မေးတာ ကတော့ သူကဆိုင်ကယ်နဲ့သွားရင် ပိုကြာလိမ့်မယ်ဆိုတာ ဆရာဦးထွန်းဝင်း ဘယ်လိုသိသလဲ မေးပါ ၏ ။ ကျွန်တော် ဖြေရတာ ကတော့ ဒီကောင်လေးက လူ့ဘော်ကြော့ လေးပါ။ Reliability မရှိဘူး။ မော်တော် ဆိုင်ကယ် ပေးသုံးလိုက် ရင် ဆိုင်ကယ်နဲ့ မိန်းကလေးတွေ အိမ်ကို လျှောက်လည်တတ် တယ်။ ခင်ဗျားတို့

မရိပ်မိပေမယ့် ကျွန်တော် ရိပ်မိနေတာကြာပြီ။ အခုလဲ ဆိုင်ကယ်လေးကို ရှိုးတပြပြနဲ့ မိန်းကလေးတွေ အိမ် ဝင်လည်နေမှန်းသိလို့ ဘာကြောင့် နောက်ကျတာလဲ ကျွန်တော် မမေးတော့တာဟု ဖြေပါ၏ ။ ဒီတော့သူက ဟာ ဒါဆိုရင် ဆရာ ဦးထွန်းဝင်းက သိသိကြီးနဲ့ ဆိုင်ကယ်ပေးလိုက်တာပဲ။ ဆရာ အချိန်မီ Print မထုတ်ရတာ ဘယ်လို လုပ်မလဲဟု မေးပါ၏ ။ ကျွန်တော် က Print ထုတ်ပြီးပါပြီဗျာ။ ကျွန်တော် ရုံးခန်းထဲမှာ အရေး ပေါ်သုံးဖို့ A 4 တစ်ထုပ် အပိုဆောင်ထားပါတယ်။ ရုံးဝန်ထမ်းတွေ Reliability မရှိတော့ ကျွန်တော် ကြိုတင်ပြင်ဆင် ထားပါ။ မိန်းကလေးအိမ်ကို လျှောက်လည်မယ်ဆိုတာ သိသိကြီး နဲ့ ဆိုင်ကယ်ပေးလိုက် တာက ခင်ဗျားတို့ကို နှုတ်နဲ့ရှင်းပြလည်း သဘောပေါက်ချင်မှ ပေါက်မယ်။ ဒါက အနောက်နိုင်ငံ အထောက် အပံ့နဲ့ INGO ရုံးလေ။ ရုံးထဲမှာ အာဏာရှင်ဆန်တယ်တို့၊ အဆင့် အတန်းခွဲတယ်တို့၊ ခွဲခြားဆက်ဆံတယ်ဆိုတဲ့အသံတွေ ထွက်လာ နိုင်တယ်။ ဒီတော့ နှုတ်နဲ့ရှင်းမယ့်အစား လက်တွေ့သက်သေပြ တာပါဟု ပြောလိုက်ရပါ၏ ။

လွန်ခဲ့သော (၁၀)နှစ် ခန့်က ကျွန်တော် သည် ဗိုလ်ချုပ် အောင်ဆန်းအကြောင်း ရေး ထားသော စာပေများ ကို ဖတ်ရှုရာ ဆောင်းပါးရှင် တစ်ယောက် က နိုင်ငံခြားသား တစ်ဦး၏ မှတ်ချက် စကားကို ရေး ထားပါ၏ ။ ၎င်းနိုင်ငံခြားသားနှင့် ဗိုလ်ချုပ် အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ၊ ဇူလိုင်(၁၉)ရက်၊ မွန်းတည့် (၁၂)နာရီတွင် တွေ့ဆုံရန် ချိန်းထား၏ ။ သို့သော် ဗိုလ်ချုပ်ရောက်မလာပါ။ ဗိုလ်ချုပ်ကဲ့သို့ လူမျိုးကဘာကြောင့် ကတိပျက်တာလဲဆိုတာ နိုင်ငံခြားသားက စဉ်းစားမရဘူးဆိုပါ၏ ။ သို့သော် နောက် မိနစ် အနည်းငယ်ကြာသော ၎င်းနေ့ နံနက်တွင် ဗိုလ်ချုပ်လုပ်ကြံ ခံရပြီဆိုတာ သိရပါ၏ ။ ထို့ကြောင့် Reliability ရှိသော သူများ သည် သေသွားမှသာ ကတိကို မဖြည့်ဆည်း နိုင်တာမျိုးရှိ၏ ။ ဒါဟာ မြန်မာ့စံပြပုဂ္ဂိုလ်တစ်ဦး၏ Reliability ဖြစ်ပါ၏ ။

တစ်ခါက ကျွန်တော် တို့လင်မယားသည် ကျွန်တော် တို့ ရပ်ကွက်ထဲ၌ လက်ဖက်ရည်ဆိုင်ထိုင်ကြ၏ ။ လက်ဖက်ရည် သောက်ပြီးသော် ကျွန်တော် ၏ ဇနီးသည်က စားပွဲထိုးလေးများ အား "ဟေ့သားတို့ ဘယ်လောက်ကျလဲ လာတွက်ဦး" ဟုဆိုရာ စားပွဲထိုး တို့ တော် တော် နဲ့ ရောက်မလာပါ။ အမှန်က မကြားချင်ယောင် ဆောင်နေတာပါ။ ဇနီးသည်က

မရိပ်မိ။ ကျွန်တော် ကတော့ အတွေ့ အကြုံရှိသူပီပီ ရိပ်မိနေ၏ ။ ဒီတော့ ဇနီးသည်ကို ပြောရတာ က ''ဟေ့ မိန်းမရဲ့ ၊ ကောင်တာမှာ ဘယ်လောက်ကျလဲ ကိုယ်တိုင် သွားမေး''ဟု ပြောရာ ဇနီးက ငွေသိမ်းကောင်တာမှာ ထိုင်နေ သော ဆိုင်ပိုင်ရှင်ကို ဘယ်လောက်ကျလဲမေးတော့မှ ဆိုင်ပိုင်ရှင် က စားပွဲထိုးအား ''ဟေ့ ဟိုစားပွဲ ဘယ်လောက်ကျသလဲ''ဟု တိုးတိုးလေးပြောသော် လည်း စားပွဲထိုးတွေ ကြားပြီး ပျာပျာ သလဲ လာတွက်၍ ဇနီးသည်က စောစောက ကျွန်မ အကျယ်ကြီး ပြောတာ စားပွဲထိုးတွေ မကြားဘူး။ ဆိုင်ရှင်က တိုးတိုးလေးပြောတာ ကြား တယ်ဆိုပြီး အံ့သြနေ၏ ။ အမှန်တော့ စားပွဲထိုးလေးတွေ က Reliability မရှိတာပါ။ အမေရိကန်ရောက် ဖိလစ်မောင်သည် ကျွန်တော် တို့ရပ်ကွက်ထဲမှာ ဆူရှီဆိုင်လာဖွင့်ရင် ဆိုင်ခွဲ (၄၀၀) ကျော် ဖွင့်နိုင်ဖို့နေနေသာသာ အရင်းပြုတ်မည် ထင်ပါ၏ ။

ကျွန်တော် ဆိုလိုချင်သည်က မည် သည့်နိုင်ငံသားမဆို နိုင်ငံတော် ကြီးကို ဖွံ့ဖြိုးစေချင်မှာ ပါ။ ထိုအခါမှာ နိုင်ငံ့ဝင်ငွေ (GDP)(GDP) တွေ တိုးတက်ရေး ၌ အာရုံ ရောက်ကြ၏ ။

တကယ်တော့ နိုင်ငံသားတိုင်းသည် မိမိတို့၌ Reliability ရှိ မရှိ ဆန်းစစ်သင့်ပါ၏ ။ မရှိသေးပါက နိုင်ငံသားတိုင်း Reliability ရှိအောင် ကြိုးစားမည် ဆိုပါက နိုင်ငံတော် ကြီး မကြာမီ ဖွံ့ဖြိုးမှာ ဖြစ်ပါ၏ ။

Reliability မရှိသူများ ၏ လုပ်ရပ်ကို တင်စားသော စကားပုံ တစ်ခုရှိပါ၏ ။ ၎င်းစကားပုံ ကတော့ ''မျက်နှာလွှဲ၊ ခဲပစ်လုပ်ကြ တယ်'' ဟူသော စကားပုံလေး ဖြစ်ပါကြောင်း ကျွန်တော် တို့တတွေ သည် မျက်နှာလွှဲသည် ဖြစ်စေ၊ မလွှဲသည် ဖြစ်စေ၊ ယုံကြည်စိတ်ချ ထိုက်သူများ ဖြစ်အောင် လုပ်ဆောင်ရမည် ဟု ဆိုချင်ပါကြောင်း။

•••

## ၃။ ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာတစ်ခု (သို့ မဟုတ်) လက်ကိုင်တုတ် မလုပ်ခြင်း

## (HOT NEWS ဂျာနယ်, Sep 30-Oct 6 2011)

နေ့အခါသမယသည် ကျွန်တော် တို့နိုင်ငံ ဖွံ့ဖြိုးတိုး တက် သော နိုင်ငံတစ်ခု ဖြစ်လာရန် ကြိုးစားနေသော အချိန် ဖြစ်ပါ ၏ ။ ဖွံ့ဖြိုးရေး ဟုဆိုရာ၌ နိုင်ငံ၏ စီးပွားရေး တိုးတက်ရုံဖြင့် မပြီးဘဲ နိုင်ငံသားတို့၏ ဖွံ့ဖြိုးခြင်းစရိုက်များ တိုးတက်ဖို့လည်း လိုပါသည်။ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သော နိုင်ငံများ တွင် လက်ကိုင်တုတ် (STOOGE) ဟူသော လူတန်းစားတစ်ရပ်သည် ကျယ်ကျယ် ပြန့်ပြန့် ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ တွင် တော့ ဒီလို လူတန်းစားမျိုးရှိသည် နည်းပါ၏ ။

ဒုတိယကမ္ဘာစစ်ကာလက ဂျာမနီအာဏာရှင်ဟစ်တလာ သည် ဂျူးလူမျိုး (၆)သန်းကို လူမျိုးတုံး သတ်ပစ်ခဲ့၏ ။ ထိုသို့ လုပ်ရာ တွင် လူ(၆)သန်းကို ဟစ်တလာ တစ်ယောက် တည်းက သေနတ်နဲ့ ပစ်သတ်၍ မရပါ။ ဟစ်တလာ၏ ဆန္ဒတွေ ကို အကောင် အထည်ဖော်ပေးရန် သူ၏ တပည့်များ လက်ကိုင်တုတ်တွေ ရှိပါ သည်။ လစ်ဗျား အာဏာရှင် ဗိုလ်မှူးကြီး မွမ်မာကဒါဖီ၊ ဆီးရီးယား အာဏာရှင် အာဆတ် စသူတို့သည် တိုင်းပြည်ကို နှစ် ရှည်လများ ချုပ်ကိုင်၍ အာဏာကို စွဲကိုင်ထားရာ၌ သူတို့တစ်ဦးတည်းလုပ်၍ မရဘဲ လက်ကိုင်တုတ်များ ကို အားကိုးရပါသည်။

လက်ကိုင်တုတ် (STOOGE) ကို အဘိဓာန်တွင် အဓိပ္ပါယ် ဖွင့်ဆိုရာ၌ A STOOGE IS A PERSON WHO IS USED BY SOMETHING TO DO THINGS THAT ARE UNPLESANT OR DISHONEST အဓိပ္ပါယ် ကတော့ လက်ကိုင်တုတ်ဆိုသည်မှာ မကောင်းတာ သို့မဟုတ် မရိုးသားသည့် အလုပ်ကိုလုပ်ရန် တစ်စုံ တစ်ယောက် သော သူ၏ အသုံးချ ခံရသူ ဖြစ်၏ ဟုဆိုပါ၏ ။

လက်ကိုင်တုတ် (STOOGE) ဟူသော အာဏာရှင်တို့၌ သာ ရှိသည်မဟုတ်၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဌာနစသဖြင့် မည် သည့်အဖွဲ့ အစည်း ၌ မဆို ရှိနိုင်ပါသည်။

လက်ကိုင်တုတ်၏ စရိုက်ကို လေ့လာသော အခါ အောက်ပါအတိုင်း တွေ့ရတတ်ပါသည်။

- သူတို့သည် ကိုယ်ထူးကိုယ်ချွန်စရိုက်မရှိ ကိုယ့်ကိုကိုယ် အား မကိုး။

- ပါဝါရှိသော မိမိ၏ အထက်အရာရှိကိုမှီ၍ သာ အလုပ် လုပ်တတ်၏ ။

- အထက်အရာရှိ၏ ပါဝါဖြင့် ပတ်ဝန်းကျင်ကို ဖိနှိပ် တတ်၏ ။

- လုပ်ငန်းတိုးတက်ရန် စိတ်မဝင်စားဘဲ အထက်အရာရှိ စိတ်ကျေနပ်ရန်သာ စိတ်ဝင်စား၏ ။

လက်ကိုင်တုတ်တို့ကြောင့် အထက်လူကြီးများ ဒုက္ခ ရောက်တတ်ပါ၏

မြန်မာစကားပုံတစ်ခုမှာ "ကြက်တူရွေးကတော် တော် ၊ မယ်တော် ကကဲကဲ" ဟူ၍ ဆိုရိုးရှိပါ၏ ။ အဓိပ္ပါယ်မှာ နိုင်ငံတစ်ခု တွင် အာဏာရှင်တစ်ဦး အုပ်ချုပ်ပါက အာဏာရှင်က တစ်ကျပ် ဖိုးလောက် ဖိနှိပ်ခိုင်းလျှင် လက်ကိုင်တုတ်တွေ က နှစ် ကျပ်ဖိုး လောက် ဖိနှိပ်ပြ၏ ။ ထိုအခါ ဖိနှိပ်ခံရသူတို့၏ အမုန်းတရား သည် ထိပ်ဆုံးက ရာထူးရှိသူတို့ထံသာ ကျရောက်တတ်၏ ။

တဖန် ကုမ္ပဏီအဖွဲ့အစည်းတို့တွင် အရာရှိကြီးများ သည် လက်ကိုင်တုတ်များ ရှိပါက လက်ကိုင်တုတ်များ သည် မိမိတို့ဆရာ များ ကို အလိုလိုက် အကြိုက်ဆောင်ပေးရ၏ ။ ဆရာတို့အတွက်

အရက်၊ မိန်းမ၊ အကျင့်ပျက်ခြစားရန်အခွင့်အလမ်းတို့ကို ဖန်တီး ပေးရင်း ကြာသော အခါ လက်ကိုင်တုတ်တို့ကို ဆရာတို့က မလွန် ဆန်နိုင်တော့ဘဲ လက်ကိုင်တုတ်တို့က ဆရာ့ကို အညှာကိုင်လိုက် သလို ဖြစ်ပါတော့သည်။

သို့ ပါ၍ လက်ကိုင်တုတ်များ ကို ကိုင်၍ ရမ်းသော အခါ လက်ကိုင်တုတ်များ

သည့် အရမ်းခံရသူတို့ကို အန္တရာယ်ပေးတတ် သလို ၎င်းတို့ကိုကိုင်သော လက်များ အတွက်လည်း အန္တရာယ် ရှိပါသည်။

မြန်မာဘာသာစကားတွင် လည်း လက်ကိုင်တုတ် (STOOGE) နှင့် ဆိုင်သော ဆိုရိုးစကားများ ရှိပါသည်။ ဥပမာ လက်ကိုင်တုတ်မွေးရာ၌ တပည့်မွေးသည် လူမိုက်မွေးသည်။ လက်ကိုင်တုတ်ကလည်း ဆရာကို ပြန်၍ အသုံးချပြီး အပြန်အလှန် အသုံးချပါက ဆရာမွေး၊ တပည့်မွေး စသော ဆိုရိုးစကားများ ရှိပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ တွင် တော့ ရာနှုန်းပြည့် ဒီမိုကရေစီ ရရှိပါက လက်ကိုင်တုတ်ဟူသည် မရှိသလောက် နည်းပါမည် ။ အဘယ့်ကြောင့် ဆိုသော် အမြင့်ဆုံးရာထူးကို ဒီမိုကရေစီနည်းဖြင့် ရရှိသူက လက်ကိုင်တုတ်မွေးလျှင် နောက်တစ်ကြိမ် ရွေးကောက် ပွဲ၌ ရှုံးနိမ့်နိုင်ပါ၏ ။ ထို့ကြောင့် လက်ကိုင်တုတ် (STOOGE) မရှိခြင်းသည် ဖွံ့ဖြိုးသော စရိုက် ဟုဆိုနိုင်ပါသည်။

လက်ကိုင်တုတ်တွေ ကြားမှ လက်ကိုင်တုတ် မလုပ်လိုသူ တစ်ယောက် ကသိကအောက် ဖြစ်ရပုံနှင့် အထက် ဆရာကြီးများ ပါ ကသိကအောက် ဖြစ်ရပုံ-

အောက်ပါအ ဖြစ်အပျက်ကလေးကို တင်ဆက်ရာမှာ တော့ မည် သည့်နိုင်ငံရယ်လို့ မဖော်ပြတော့ဘဲ လူပုဂ္ဂိုလ်တွေ လည်း နာမည် လွှဲထားပါရစေ။ တစ်ခါက အာဆီယံနိုင်ငံတစ်ခုမှာ အလွန်တစ်ရာမှ ခနအင်အားတောင့်တင်းသော NGO တစ်ခုရှိပါ ၏ ။ ၎င်း NGO ကြီးမှာ အမြဲတမ်းဝန်ထမ်း (Core Staff) နှင့် ယာယီ စီမံကိန်းဝန်ထမ်း (Project Staff) ရယ်လို့ရှိပါ၏ ။ စီမံကိန်း ဝန်ထမ်း ကတော့ စီမံကိန်းပြီးရင် အလုပ်ပြုတ်ပါပြီ။ ကတော့ မပြုတ်တဲ့အမြဲ ဝန်ထမ်း ဖြစ်ပြီး ပင်စင်တောင်ရပါတယ်။ ဩဇာရှိပြီး ဒေသခံ ဃသမန္တ အင် ဟာ နိုင်ငံခြားသား အကြံပေး အရာရှိများ ကိုတောင် အလုပ်ဖြုတ်နိုင်ပါတယ်။

ဩဇာကြီးသော ဒေသခံ (Core Staff)

အရာရှိကြီး (၂)ဦး

ပထမအရာရှိကြီး နာမည် ကတော့ မစ္စတာ TOM ALE-XANDER CHRIS TOPHER တွမ်အလက်ဇန္ဒားခရစ်စတိုဖာ (TAC) ဖြစ်ပြီးသူဟာ Senior Program officer အကြီးတန်းအစီအစဉ် အရာရှိ) ဖြစ်ပါတယ်။ ဒုတိယအရာရှိကြီးနာမည် ကတော့ မစ္စတာ HENERY MICHAEL PATRICK ဟင်နရီမိုက်ကယ်ပက်ထရစ် (HMP) ဖြစ်ပါတယ်။ သူကလည်း Program Officer ဖြစ်ပြီး T.A.C လောက်တော့ ရာထူးမကြီးပါဘူး။ (TAC) ရော (HMP) ပါ။ လူတော် လူကောင်းတွေ ပါ။ စီမံကိန်းနယ်မြေက လူထု အတွက်စေတနာ ရှိပါတယ်။ ဒါပေမဲ့ သူတို့နှစ် ဦးဟာ တစ်ခါတုန်း က နည်းပညာ သဘော ကွဲလွဲမှု Technogical Disagreement ဖြစ်ပြီး ငြင်းခုံကြရင်း HMP က TAC ကို မလေးစားရာက စ၍ တစ်ယောက် နဲ့ တစ်ယောက် လုံး၀(လုံး၀)မတည့်ကြ ကတော့ ပါ။ HMP နှင့် TAC တို့သည် Workshop၊ Seminar၊ Meeting စသည်တို့တွင် တစ်ယောက် နဲ့ တစ်ယောက် အကွက်ရလျှင် ရသလို တွယ်ကြ၏ ။

ဤတွင် Project Staff ထဲမှပုဂ္ဂိုလ်အချို့သည် လက်ကိုင်တုတ်လုပ်ချင်သူ အချို့အလျှိုလျှိုပေါ်လာကြတော့၏ ။ အချို့က TAC ၏ လက်ကိုင်တုတ် ဖြစ်ခွင့်ရနိုးမျှော်လင့်၍ HMP ၏ အကြောင်း အတင်း အဖျင်းတို့ကို့ ဗဃ ထံသွားပြောပြီး အချို့ က TAC ၏ လက်ကိုင်တုတ် ဖြစ်ခွင့်ရနိုးမျှော်လင့်၍ TAC ၏ အတင်းကို HMP ထံသွားပြော၏ ။

ထိုစဉ်ငှင်းတို့ NGO သို့ လူသစ်တစ်ဦးပြောင်းလာရာ သူ၏ အမည် က Dr.Tom William (Dr.TW)(တွမ်ဝီလျံ) ဖြစ်၏ သူက လက်ကိုင်တုတ်လုပ်တာဝါသနာမပါ။ အလုပ်လုပ်ရန်သာဝါသနာပါ၏ သို့ သော် ပြောစရာရှိသည်က Dr.TW နှင့် HMPတို့သည် တစ်ရပ်ကွက်တည်း တစ်လမ်းတည်းနေကြသော ရပ်ဆွေရပ်မျိုး ဖြစ်၏ ။ ယခင်ကတည်းက သိကျွမ်း၏ ။ အထက် တန်းကျောင်းနေစဉ် Dr.TW ပထမတန်းတက်စဉ် HMP က ဆယ်တန်း ဖြစ်၏ ။ သို့ သော် မူလကတည်းက သိကျွမ်းတာက သပ်သပ် ဖြစ်ပြီး အလုပ်ထဲရောက်တော့ သိတာခင်တာတွေ ကမဆိုင် ပါဟု Dr.TW ခံယူ၏ ။ Dr.TW သည် TAC ဦးစီးရသော စီမံကိန်း၌ ရာထူးကြီးကြီးရ၏ ။ တိုင်းရင်းသားဒေသခံထဲ၌ အမြင့်ဆုံး ရာထူးရ၏ ။ ဤတွင် ပြဿနာပါပြီ လက်ကိုင်တုတ် လုပ်လိုသူ တချို့က TAC ထံသွား၍

Dr.TW သည် HMP ၏ အသိအကျွမ်း ဖြစ်ကြောင်း ပြောပြရာ TAC ကောင်းကောင်းအိပ် မပျော်ဘဲ သတိထားရ၏ ။ တဖန်အချို့က HMP ထံသွား၍ Dr.TW သည် TAC ၏ လက်ကိုင်တုတ် ဖြစ်သွားပြီဟု ပြောကြရာ HMP သည် Dr.TW ကိုသတိထား နေရ၏ ။ Dr.TW ကလည်း TAC နှင့် HMP ကြား၌ ညပ်ပြီ ဖြစ်ရာ သတိထားရပါတော့၏ ။ ဒီတော့ စီမံကိန်းပြီးတဲ့အထိ သုံးယောက် လုံး သတိထားနေရပါ သော ကြောင့် သုံးယောက် လုံး ဇက်ကြောတွေ တက်၊ သွေးတိုး ရောဂါ ဖြစ်ကုန်ရာ TAC ရော HMP ရော Dr.TW ရော နံနက် စောစောထပြီး လမ်းလျှောက်နေရပါတယ်။

စီမံကိန်းပြီးကာနီး (၁)လအလိုမှာ Dr.TW ဟာတခြား JNGO တစ်ခုကို ပြောင်းသွား ပါတယ်။ ပြောင်းတာလက်ဦးလို့ပါ။ တကယ်လို့ မပြောင်းဘဲနဲ့ မူလ JNGO ရဲ့ နောက်စီမံကိန်းမှာ အလုပ်လျှောက်မိရင် TAC က Dr.TW ကို အလုပ်ဖြုတ်ဖို့ပြင်ထား ပါတယ်။ HMP က Dr. TW ကို အလုပ်မဖြုတ်လိုက်ရတာ နာကြောင်း ပြောတာကို TAC ပြန်ကြားတယ်။ ဒီတော့မှ Dr.TW ဟာ HMP ရဲ့ လက်ကိုင်တုတ် မဟုတ်ဘူးဆိုတာ TAC သိသွား ပါတယ်။ နည်းနည်း ကြာလာတော့ Dr.TW ဟာ TAC ရဲ့ လက်ကိုင်တုတ်လည်း မဟုတ်ဘူးဆိုတာ HMP သိ သွားပါတယ်။ သို့ သော် သုံးယောက် စလုံးဟာမလိုအပ်ဘဲ သတိထားနေရလို့ ဇက်ကြောတွေ တက်ကုန်ကြပါတယ်။ သွေးတိုး ဖြစ်ကုန်၍ သုံးဦးလုံး ဆေးခန်းပြရပါ၏ ။

သင်ခန်းစာ

လက်ကိုင်တုတ်လုပ်လိုသူတွေ များ နေရင် အလုပ်ကောင်း ကောင်း မလုပ်ရဘဲ ဇက်ကြောတက်ရင်း အချိန်ကုန်ပါ၏ ။

ယခုအခါ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၊ ဈေးကွက်စီးပွားရေး ခေတ်၊ အင်တာနက်ခေတ်တို့၌ ပြိုင်ဆိုင်မှု တွေ ပြင်းထန်ပါသည်။ အလုပ်တွေ ကို ကျုံ့လုပ်နိုင်ပါမှ တန်ကာကျမည် အလုပ်မလုပ် နိုင်ဘဲ ဇက်ကြောတက်နေရလျှင် ဖွံ့ဖြိုးမှု နောက်ကျပါမည် ။

သို့ ပါ၍ လက်ကိုင်တုတ်တွေ များ နေပါက ဖွံ့ဖြိုးမှု နောက် ကျမည် ဖွံ့ဖြိုးသော

နိုင်ငံသားတို့၏ စရိုက်လက္ခဏာ တစ်ခုမှာ လက်ကိုင်တုတ်မလုပ်ခြင်းဟု ဆိုချင်ပါကြောင်း။

•••

## ၄။ ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာ တစ်ခု(သို့ မဟုတ်) နောက်ကျောကဓါးဖြင့် မထိုးခြင်း

## (HOT NEWS ဂျာနယ် 26 Aug - 1 Sep 2011)

နောက်ကျောကဓားနဲ့ထိုးသည်ဆိုခြင်းမှာ မြန်မာစာ ဘာသာရပ်တွင် စာတင်ထားသော အလင်္ကာတစ်ခုပင် ဖြစ်ပါသည်။ မိမိမလို မုန်းထားသော လူ တစ်ယောက် အပေါ်၌ ဖြေရှင်းခွင့် ခုခံချေပခွင့် မပေးတော့ဘဲ ထိုသူ၏ အကျိုးပျက်စီးရာပျက်စီးကြောင်းကို ယုတ်မာစွာ လုပ်ဆောင်လိုက်ခြင်းကို နောက်ကျောက ဓားနဲ့ထိုးခြင်းဟု တင်စားလိုက်ခြင်း ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေ မှာ တော့ နောက်ကျောက ဓားနဲ့ထိုးတဲ့ အလုပ်ကို အလွန်စက်ဆုပ်ကြသည်ဟု ဆိုပါ၏ ။ ဒီအလုပ်မျိုးက

လူယုတ်မာတွေ သာ လုပ်ကြတဲ့ အလုပ်မျိုးပါ။ ကျွန်တော် သည် ငယ်ငယ်က နာမည် ကျော်ရုပ်ရှင်မင်းသမီး မာရီလင် မွန်ရိုးပါဝင် သရုပ် ဆောင်ထားသော "The River of No Return" ရုပ်ရှင်ကားကို ကြည့်ဖူး၏ ။ ၎င်းရုပ်ရှင်၌ အ ဖြစ်အပျက်တစ်ခုမှာ ဇာတ်လိုက် မင်းသားသည် ထောင်ကျနေ၏ ။ သူ၏ ကိုးနှစ် သားအရွယ် သားငယ်ကို မာရီလင်မွန်ရိုးက စောင့်ရှောက်ထား၏ ။ ဖခင်ထောင် ကထွက်လာသော် (၉)နှစ် သားက ဖခင်ကို ခပ်စိမ်းစိမ်း ဖြစ်နေပါ ၏ ။ အကြောင်းမှာ သူ၏ ဖခင် ထောင်ကျသော အမှု မှာ လူတစ် ယောက် အား နောက်ကျောဘက်ကနေ၍ သေနတ်နှင့် ပစ်သော ကြောင့် ဖြစ်ပါသည်။

ကျွန်တော် တို့ ငယ်ငယ်က ဖတ်ဖူးသော ဝတ္ထုစာချို့တွင် ဗြိတိန်နိုင်ငံ၌ လူနှစ် ယောက် တစ်ယောက် နှင့် တစ်ယောက် ပုဂ္ဂိုလ်ရေး မုန်းတီးကြသည်ဆိုပါစို့။ ထိုအခါ တစ်ဦးနှင့် တစ်ဦး ခြောက်လုံးပူး သေနတ်ချင်းယှဉ်ပစ်ရန် စိန်ခေါ်ကြ၏ ။ ခြောက် လုံးပြူ

သေနတ် တစ်ခုစီ၌ ကျည်တစ်ထောင့်စီသာ ထည့်ရ၏ ။ ၄င်းနောက် မုန်းတီး ကြသူ နှစ် ဦးသည် တစ်ဦးနှင့် တစ်ဦး ကျောချင်းကပ်လိုက်၍ သေနတ် ကိုယ်စီကို မိုးပေါ်ထောင်ထား၏ ။ ထို့နောက် တတိယသူ (သို့မဟုတ်) ဒိုင်လူကြီးက အချက်ပေး ဝီစီမှု တ်သော် ထိုလူနှစ် ဦးတို့သည် ခြေလှမ်း ဆယ်လှမ်းစီလှမ်းရ၏ ။

တစ် နှစ် သုံး လေး ငါး ခြောက် ခုနှစ် ရှစ် ကိုး ဟု

လှမ်းပြီးသော် တစ်ဆယ်ဟု နောက်ဆုံးလှမ်းပြီးသည်နှင့် နောက် ပြန်လှည့်ကာ တစ်ယောက် ၏ ဦးခေါင်းကို တစ်ယောက် က သေနတ်နှင့် ပစ်၏ ။ လျှင်တဲ့ သူကနိုင်ပါသည်။ ရှေးခေတ်ဥရောပ စတိုင်ပြဿနာဖြေရှင်းနည်း ဖြစ်ပြီး ထိုခေတ်ဥပဒေက ဤသို့ ဖြေရှင်းခြင်းကို အသိမှတ်ပြုထားပြီး တစ်ယောက် ယောက် သေသော် နိုင်သူကို အရေး မယူကြေး ဖြစ်၏ ။ ဒီတော့ သူတို့က ရှေ့ကနေ ပြောင်ကျကျ သေနတ်နဲ့ပစ်တယ်။ နောက်ကျောက ဓားနဲ့မထိုးဘူး။

ဒီဘက်ခေတ်မှာ တော့ ကိုးရီးယားစာတမ်းထိုး ရုပ်ရှင် ကားများ ခေတ်မစားမီ တရုတ်စာတမ်းထိုးခေတ်တစ်ခေတ် ဖြစ်ခဲ့ ပါသေး၏ ။ ဥပမာ သုခမိန်ကြီးပေါင်ချိန်၊ ကျန်ကျောင်းတို့၏ တရုတ်ရာဇဝင် စာတမ်းထိုးခေတ်ပါ။ ဤတွင် ကျွန်တော် သည် တရုတ် ရာဇဝင်ကားတစ်ကားကို ကြည့်ဖူးသည်မှာ ရှေးက ရွာတစ် ရွာတွင် ချစ်သူလူငယ်စုံတွဲ ရှိကြ၏ ။ လက်မထပ်မီ လူငယ်က စစ်ထဲ ဝင်သွားရာ ထူးချွန်၍ စစ်သူကြီး ဖြစ်လာ၏ ။ ထိုအခါ သူ၏ ငယ် ရည်းစားမိန်းကလေးကို တောင်းရမ်း လက်ထပ်ခါနီး ဆဲဆဲ ရှင်ဘုရင် က တိုင်းခန်းလှည့်လည်ရင်း မိန်းကလေးကိုတွေ့ သွား၏ ။ ဘုရင်က သဘောကျ၍ မိဖုရားမြှောက်၏ ။ ထိုအခါ မိဖုရားနှင့် စစ်သူကြီးတို့သည် ငယ်ရည်းစားများ ဖြစ်ပြီး နန်းတော်၌ ပြန်တွေ့ကြသော်လည်း ဘဝခြားနေပြီ ဖြစ်သဖြင့် စည်းစောင့် ကြသည်။ ဘုရင်ကြီးအပေါ်၌ စစ်သူကြီးကရော မိဖုရားကြီးကပါ သစ္စာရှိ၏ ။ ဒီလိုနဲ့ နေလာရော ၄င်းမိဖုရားသည် သားတော် လေး ဖွားမြင်၍ ဘုရင်ကြီးက သဘောကျပြီး တောင်နန်းစံ မိဖုရားကြီး ခန့်အပ်ခံရသည်။ ဤတွင် အခြားမိဖုရားများ က မနာလို ဖြစ်ကြပါပြီ။ သို့နှင့် တောင်နန်းစံ မိဖုရားကြီး၏ ရာဇဝင်ကို စုံစမ်းရာ တောင်နန်းစံမိဖုရားကြီးမှာ စစ်သူကြီးနှင့် တစ်ရွာတည်းသား ငယ်ရည်းစား ဖြစ်ကြောင်းသိသွား၍ ဘုရင်ကြီးကို ကုန်းချောသည်မှာ

ယခုတောင်နန်းစံမိဖုရားကြီးက ဖွားမြင်သော သားတော် လေးမှာ ဘုရင်ကြီး၏ သွေးသားမဟုတ်ဘဲ စစ်သူကြီးနှင့် ရသော သား ဖြစ်ကြောင်း ကုန်းစကားဆို၏ ။ သို့ နှင့် မိဖုရားကြီးနှင့် စစ်သူကြီးတို့သည် ထောင်သွင်း အကျဉ်းကျခံရပါ၏ ။ အချိန်ကြာသော အခါ ဇာတ်ရည်လည်သွားပြီး စစ်သူကြီးနှင့် မိဖုရားကြီးတို့ ရိုးသားကြောင်း ဘုရင်ကြီး သိ သွားပါ၏ ။ သို့ နှင့် ထောင်မှ လွှတ်မည် ကြံသော အခါ စစ်သူကြီးနှင့် မိဖုရားကြီးတို့သည် မိမိကိုယ်ကို သတ်သေသွားကြပြီး ဖြစ်ပါသည်။ အဲဒါ ကတော့ နောက်ကျောက ဓားနဲ့ထိုးလိုက်ပုံပါ။

လွန်ခဲ့သော နှစ် ပေါင်း ၃၅နှစ် ခန့်က မြန်မာနိုင်ငံတွင် ဆေး ကျောင်းသားလေး အသက်၂၂နှစ် အရွယ် မောင်သီလ (နာမည် လွှဲ) ဆိုသူရှိပါသည်။ တစ်နေ့သော အခါ အသက် ၇၀အရွယ် မောင်သီလ၏ ဘွားဘွားသည် တုတ်ကွေး ဖြစ်၏ ။ တုတ်ကွေး ဖြစ်ပြီး အဆုတ် ယောင် ရောဂါ ရသော အခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ရ၏ ။ မောင်သီလက နှစ် ကြီးဆေး ကျောင်းသား ဖြစ်၍ ဂျူတီကုတ်နဲ့ နားကြပ်လေး ရှိ၍ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ နေ့၊ ည ဝင်ခွင့် ထွက်ခွင့်ပါသော ကြောင့် သူ၏ ဘွားဘွား နားဝယ် နေ့ရောညရော ၂၄ နာရီမပြတ် စောင့်ရှောက် ၏ ။ တုတ်ကွေး ဖြစ်သော ဘွားဘွားသည် ဆေးရုံတက်ပြီး သုံးရက်အကြာ၌ အဆုတ်ယောင်ဖြင့် ကွယ်လွန်၏ ။ ဒီလိုနဲ့ နှစ် ပေါင်း ၃၅နှစ် ကြာ ညောင်းခဲ့ပြီး ၂၀၁၁ သို့ ရောက်ခဲ့၏ ။ ၎င်း ဘွားဘွား၌ မြေး ၁၅ ယောက် ကျန်ခဲ့၏ ။ တစ်နေ့တွင် ဆွေမျိုး ထဲက အလှူလုပ်ရာ ဒေါက်တာမောင်သီလသည် တစ်ဝမ်းကွဲ မောင်နှမ (၁၅)ယောက် ၌ အကြီးဆုံး ဖြစ်၍ မောင်သီလကို မြင်သော အခါ ညီ၊ ညီမများ က အစ်ကိုကြီး၊ အစ်ကိုကြီးဟု ခေါ် ကာ ဝမ်းသာအားရနှုတ်ဆက်၏ ။ သို့ သော် မောင်သီလ၏ ဇနီး သည်၏ အိမ်ပြန်ရောက်သော် ပြောပြချက်အရ တစ်ဝမ်းကွဲညီမ ငယ်တစ်ဦးမှာ မျက်နှာအမြဲ ညှိုးငယ်နေပါသည်။ ဘာကြောင့် လဲ လို့ ဇနီးကမေးတော့ မောင်သီလ ဖြေတာ ကတော့ အဲဒီ ညီမလေး က သူမသုံးနှစ် သမီးမှာ သူ့ဖေဖေ ဆုံးတာ ဖတဆိုးလေး၊ ဖအေ ဆုံးပြီး ဖခင်ဖက်က ဆွေမျိုးတွေ ကို သိပ်မခင်ဘူးဟုပဲ ပေါ့ပေါ့ တန်တန် ဖြေလိုက်၏ ။ သို့ သော် ဒေါက်တာ မောင်သီလ၏ ဇနီးက အပေါင်းအသင်းကောင်း၍ ၎င်းမျက်နှာ ညှိုးနေသော သူမ၏ ယောင်းမနှင့် ခင်အောင်ပေါင်း၍ ညီအစ်မအရင်းလို ဖြစ်သွားတော့မှ သိရသည်မှာ ဘယ်သူက

ကုန်းချောလဲမသိ။ နောက်ကျော ကဓားနဲ့ ထိုးပုံက လွန်ခဲ့တဲ့ နှစ် ပေါင်း ၃၅နှစ် က ဘွားဘွားက ဆေးရုံပေါ်မှာ နေမကောင်းတော့ ဘွားဘွားမှာ ရှိတဲ့ စိန်တွေ ကို မြေးတွေ ကို ပေးချင်တာနဲ့ သူမကိုခေါ်ခိုင်းတယ်။ ခေါ်မပေးဘူး ဟု ဆိုရာ ဒေါက်တာ မောင်သီလက "မြတ်စွာ ဘုရား၊ ဗုဒ္ဓေါ"ဟု အော်ရပါ၏ ။ တကယ်တော့ ဘွားဘွားက မောင်သီလ၏ လက်ပေါ်၌ ဆုံးတာပါ။ ဘွားဘွားကို နောက်ဆုံးစကား ပြော လိုက်ရသူက မောင်သီလပါ။

ပြောခဲ့တဲ့စကား ကတော့ "ဘွားဘွားတရားမှတ်"ဟု နောက်ဆုံးပြောရာ ဘွားဘွားက ခေါင်းညိတ်ပြ၏ ။ ဒါပါပဲ။ ဘွားဘွားက မောင်သီလကို ဘာမှမမှာ ပါ။ ဘယ်သူ့ကိုမှလည်း ခေါ်မခိုင်းပါ။ မောင်သီလကသာ ဘွားဘွားကို တရားမှတ်ရန် မှာ လိုက်တာ ဖြစ်၏ ။ ဘွားဘွား၏ သားသမီးများ ဖြစ်သော မောင်သီလ၏ မိခင်၊ ဦးလေး၊ အဒေါ်တို့သည် ဘွားဘွားနားမှာ အချိန်ပြည့်မနေနိုင်ခဲ့။ မောင်သီလကသာ ဆေးကျောင်းသား ဖြစ်၍ ဘွားဘွားခုတင်ဘေး၌ အချိန်ပြည့်နေ နေတာ ဖြစ်၏ ။ ဘွားဘွားဆုံးတော့ ဆေးရုံပေါ်မှာ ဘွားဘွားရဲ့ ပစ္စည်းလေးတွေ ကို မောင်သီလပဲ သိမ်းရသည်။ အပေါ်စားစိတ်ပုတီးလေးရယ်၊

ထွေးခံတစ်လုံးရယ်၊ သလိပ်တွေ ရယ်၊ ဘွားဘွားရဲ့ အဝတ်ဟောင်း လေးတွေ ရယ်၊ ဒါပါပဲ။ ဘွားဘွားရဲ့ ထွေးခံထဲက သလိပ်တွေ ကို

မောင်သီလ မရွံမရှာဆေးခဲ့၏ ။ ညီမလေးက ဘွားဘွားသည် စိန်တွေ ထားခဲ့သည်ဟုထင်၏ ။ တကယ်ထားခဲ့တာက အဆုတ် ဝေဒနာရှင် တစ်ဦးရဲ့ သလိပ်တွေ ပါ။ မောင်သီလစဉ်းစားမိ သည်။ တကယ်လို့များ ထွေးခံထဲမှာ စိန်တွေ ထားခဲ့ရင် ဘွားဘွားရဲ့ ခင်ပွန်း ကွယ်လွန်သူ ဘိုးဘိုးသည် တစ်ချိန်က လခ ၁၆၀၀ကျပ် ရသော မြန်မာနိုင်ငံ အမြတ်တော် ခွန်မင်းကြီး ဖြစ်၏ ။ လခ ၁၆၀၀လောက်နဲ့ စိန်တွေ မဝယ်နိုင်ပါ။ တကယ်လို့ဝယ်ခဲ့ရင် ဘိုးဘိုးသည် အကျင့်ပျက် ခြစားထားခြင်းသာ ဖြစ်မည် ။ အကျင့် ပျက်ခြစားထားတဲ့ စိန်တွေ ထားခဲ့ရင် မောင်သီလမလိုချင်ပါ။ အကျင့်ပျက်ခြစားခြင်းနဲ့ မသက်ဆိုင်သော ဘွားဘွား၏ သလိပ် ကို မောင်သီလမရွံပါ။ အကျင့်ပျက် ခြစားတဲ့ စိန်ဆိုရင်တော့ ရွံတယ်။ ဒါကို ညီမလေးကို ရှင်းပြတော့ ညီမလေးက သူ ၃၅နှစ် လုံး

အထင်လွဲခဲ့လို့ငိုပါ၏ ။

၃၅နှစ် လုံးလုံး နောက်ကျောမှာ စိုက်ခဲ့တဲ့ ဓားတစ်ချောင်း ပါ။ ဘယ်သူစိုက်သွားမှန်းလဲမသိပါ။ သို့ သော် မောင်သီလ မသေပါ။

နောက်ကျောသို့ ထိုးပြန်ပါသော

နောက်ထပ်ဓားတစ်ချောင်း

ဒေါက်တာမောင်သီလ အိမ်ထောင်ကျတော့ သမီးနှစ် ယောက် ထွန်းကားတယ်။ သမီးတွေ ငယ်ငယ်က မောင်သီလရယ်၊ ဇနီးရယ်၊ သမီးနှစ် ယောက် ရယ် ကျေးလက်ဒေသတွေ မှာ ဆေးခန်းဖွင့်၏ ။ တစ်နေ့တော့ ဇနီးသည်က ရင်သားတွင် အကြိတ်တွေ ့သည်ဆို၍ မောင်သီလသည် ခွဲစိတ်ပါရဂူဆရာဝန် နဲ့ပြပေးခဲ့၏ ။ ရိုးရိုး အကြိတ်သာ ဖြစ်၏ ။ ကင်ဆာအကြိတ် မဟုတ်လို့ ရက်ပိုင်းအတွင် းခွဲရန်တော့ မလို။ တစ်လတန်သည် နှစ် လတန်သည်ကြာမှ အလုပ်အားမှခွဲရင်လည်းရပါ၏ ။ သို့ သော် ထိုအချိန်၌ ဒေါက်တာမောင်သီလသည် UN အေဂျင်စီ၌ စီမံကိန်းအရာရှိကြီး ဖြစ်နေပြီ။ ပညာရေး ဌာန၌ အမှု ထမ်း ဖူးသော ဒေါက်တာမောင်သီလ၏ ဇနီးသည်က UN အေဂျင်စီ တစ်ခု၏ မြို့နယ်လူထုပညာရေး စီမံကိန်း ညှိနှိုင်းရေး မှူးတာဝန် ထမ်းဆောင် နေ၏ ။ ရင်သားကိုခွဲရန် ချက်ချင်း ခွင့်မယူသေးဘဲ အလုပ်ပါးချိန် စောင့်နေ၏ ။ တစ်လလောက်ကြာတော့ ဇနီးသည်ကို ဆေးရုံတက်ရန် အတွက် တခြား မြို့နယ်တစ်ခု၌ တာဝန်ထမ်းဆောင်နေသော မောင်သီလသွားခေါ်၏ ။ ဇနီးက အိမ်ငှား နေရာ အိမ်ရှင်အစ်မကြီးကလည်း ရင်သား၌ အလုံးရှိပြီး မခွဲဘဲ ထားတာ ကြာလှပြီဆို၏ ။ ဇနီးက မခွဲချင်သေးဘူးဆိုပြီးခေါ်၍ မရပါ။ စီမံကိန်းပြီးတော့ ဇနီးကပြောသည်မှာ သူမရဲ့ ရင်သားထဲ ကအလုံးက မရှေ့တော့ဘူး။ အမြစ်တွယ်နေသလိုပဲ ပြော၍ စစ်ဆေးသော အခါ ကင်ဆာ ဖြစ်နေရာ (၄၈)နာရီအတွင် းဆေးရုံ တက်၍ ခွဲစေပါ၏ ။ သို့သော် ဇနီးသည်က အနိစ္စရောက်သွားတာ ကတော့ ကင်ဆာနဲ့သေတာမဟုတ်ပါ။ ခွဲစိတ်ပြီး ဓာတ်ကင်တော့ ဓာတ်ရောင် ခြည်ကို နှလုံးကြွက်သားလောင်ပြီး သေတာပါ။ Post Radiation Cardiac Fibrosis ဖြစ်ပါ၏ ။

ဇနီးသည် ဆုံးပြီးနောက် (၁၃)နှစ် နှင့် (၁၀)နှစ် အရွယ် သမီး (၂)ဦး ကျန်ခဲ့ပါ၏ ။ သမီးနှစ် ဦးက ဖခင်နဲ့ နည်းနည်း စိမ်း နေသလို မောင်သီလ ခံစားမိ၏ ။ တစ်နေ့တော့ ရန်ကုန်မြို့ထဲ လမ်းလျှောက်စဉ် မောင်သီလသည် မိမိ၏ မိဘအိမ်၌ နှစ် (၃၀)ခန့် အိမ်အကူလုပ်သွားသော မငွေကြည် (နာမည် လွှဲ)နဲ့တွေ့ ၏ ။ မငွေကြည်သည် တောက ရောက်ကာစ အသက်(၂၀) လုလုပပ တောသူလေး ဖြစ်ပြီး ယခုတော့ အသက် (၅၀)ကျော်ပြီ။ မောင်သီလနှင့် မငွေကြည်တို့သည် နှစ် (၃၀) အတူနေခဲ့ရ၍ မောင်နှမအရင်းလို ဖြစ်နေ၏ ။ မငွေကြည်က "အစ်ကိုကြီးကို ကျွန်မ ပြောစရာ နည်းနည်း ရှိတယ်"။

"ဟဲ့ နင့်ဟာက ထူးထူးဆန်းဆန်းပါလား"

"ကျွန်မ အစ်ကိုကြီးတို့အိမ်မှာ နေတုန်း အစ်ကိုကြီး သမီးကြီးက ကျွန်မကို မေးတယ်။ သူ့အမေ ရင်သားကင်ဆာကို အစ်ကိုကြီးက ဘာလို့ဆေးမကုတာလဲတဲ့"

"ဟိုက် ဗုဒ္ဓေါ"

တစ်ယောက် ယောက် က မောင်သီလ၏ နောက်ကျောကို ဓားနဲ့ထိုးပါပြီ။ ဇနီးသည်၏ ကင်ဆာဝေဒနာကို ဆေးမကုဘဲ လက်သည်ပျောက် သတ်လိုက်သည့် ပုံစံမျိုး ကုန်းချောထား၏ ။ တကယ်တော့ ဇနီးသည် ရင်သားအကြိတ် ဖြစ်ကတည်းက ပြ ပေးသော FRCS ဘွဲ့ရဆရာဝန်သည် သူ့ရဲ့ အစ်မဝမ်းကွဲနဲ့ မောင်သီလရဲ့ အစ်ကို ဝမ်းကွဲနဲ့ အိမ်ထောင်ကျတာ ဖြစ်၍ တစ်ဖက်စီ တော် သလို ဖြစ်ပြီး မှတ်မိနေ၍ ဆေးမှတ်တမ်းမရှိတော့လည်း မောင်သီလ လာပြပေးတယ်ဆိုတာ သက်သေခံနိုင်ပါလိမ့် မည် ။ ၎င်းဆရာဝန်လည်း မသေသေးပါ။

သို့ သော် နောက်ကျောက ဓားချက် ကတော့ ပြင်းထန်လှ ပါ၏ ။ ဒုက္ခ ဒုက္ခ ဒုက္ခဟု မောင်သီလ သံဝေဂရမိပါ၏ ။

တကယ်တော့ မဖွံ့ဖြိုးသေးသော နိုင်ငံများ တွင် နောက်ကျော က ဓားနဲ့ထိုးတယ်ဆိုတာ လက်ယဉ်နေပါပြီ။ ရှေ့တည်တည့်က ဝေဖန်ပြတဲ့ အတွေ့အကြုံနုပါသေးပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ တွင် တော့ ရှေ့တည့်တည့်က ဝေဖန်တာမျိုးက

လက်ယဉ်နေပါ ပြီ။ နောက်ကျောက ဓားနဲ့ထိုးလေ့မရှိပါ။ နိုင်ငံတော် ကို ဖွံ့ဖြိုး အောင် လုပ်ဆောင်ရာ၌ နောက်ကျောက ဓားနဲ့ထိုးတဲ့အကျင့်ကို ဖျောက်ရပါဦးမည် ဟု ဆိုချင်ပါ၏ ။

ကျွန်တော် တို့နိုင်ငံသည် ဖွံ့ဖြိုးရေး သစ်ပင်ငယ်တစ်ခုနှင့် တူပါသည်။ ၎င်းသစ်ပင်ကို ရေလောင်းရုံဖြင့် မလုံလောက်ပါ။ ပေါင်းသင်ပေးရမည် ။ ပေါင်းပင်တွေ က ဘာလဲဆိုရင် ယုတ်မာသော စိတ်ပါ။ ဥပမာ-နောက်ကျောက ဓားနဲ့ထိုးတဲ့စိတ် ဖြစ်၏ ။

နိုင်ငံတော် ဖွံ့ဖြိုးရုံဖြင့် မပြီးပါ။ စိတ်ကောင်းနှလုံးကောင်းများ ဖွံ့ဖြိုးဖို့ အထူးလိုအပ်ပါသည်ဟု ဆိုချင်ပါ၏ ။

နှိုင်းယှဉ်ချက်

ယခုခေတ်၌ ဂျာနယ်တစ်ခုခုက တစ်စုံ တစ်ယောက် ကို မကောင်းရေး သော် မှန်ချင်လည်း မှန်မည် ။ မှာ းချင်လည်း မှာ းမည် ။ သို့ သော် နောက်ကျောက ဓားနဲ့ထိုးတာမဟုတ်ပါ။ နောက်ကြောကထိုးတဲ့ဓား ဆိုတာ ကတော့ ဘယ်သူထိုးလိုက်မှန်း မသိဘဲ မိမိအနိစ္စ ရောက်သွားမှာ ပါ။ ထို့ကြောင့် ဂျာနယ် တို့၏ လုပ်နည်းလုပ်ဟန်သည် ဖွံ့ဖြိုးရေး သဏ္ဌာန်ဆောင်သည်ဟု ဆိုနိုင်ပါကြောင်း။

•••

## ၅။ ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာ တစ်ခု (သို့မဟုတ်) ခွဲခြမ်းစိတ်ဖြာမှု (Analysis) လုပ်တတ်ခြင်း

## (HOT NEWS ဂျာနယ် 22-28 July, 2011)

ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပါ၏။ သာမာန် မျက်စိနှင့် ကြည့်ပါသော် တိုင်းပြည်ဝင်ငွေ ပညာရေး အဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်းတွေ နောက်ကျခဲ့ပါ သည်ဟု မြင်နိုင်ပါ၏။ သို့သော် အများသူငါသတိမထားမိမမြင် လေ့ရှိသော အချက်ပေါင်းများစွာရှိသည့် အနက်တစ်ချက်မှာ ကျွန်တော် တို့သည် Practice of Analysis ခွဲခြမ်းစိတ်ဖြာသော အလေ့အကျင့်နည်းခဲ့ ပါ၏။Analysis ၏ အဓိပ္ပါယ်မှာ -

- တစ်စုံတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်း

- သေချာစွာ လေ့လာကြည့်တတ်ခြင်း

- အစိတ်အပိုင်းတစ်ခုစီကို သေချာစွာ ကြည့်တတ်ခြင်း

- အရေးပါသောကိစ္စကို အာရုံစိုက်၍ အရေးမပါတာတွေ ဖယ်ထုတ်နိုင်ခြင်း

- စဉ်းစား ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်နိုင်ခြင်းတို့ ဖြစ်ပါ၏။

ဖွံ့ဖြိုးပြီး နိုင်ငံသားအမေရိကန်တို့ Analysis လုပ်ပုံ

အမေရိကန်တွင် ကလေးဘဝထဲက Analysis လုပ်ပုံကို သင်ပေး ပါ၏။ လွန်ခဲ့သော (၁၁)နှစ်က အိုစမာဘင်လာဒင်သည် အမေရိကန် နိုင်ငံက အမြှာညီနောင်မျှော်စင်ကို လေယာဉ်(၂)စင်းဖြင့် ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးခဲ့ရာ အမေရိကန်တို့သည် ယင်းကိစ္စ နောက်ပိုင်း၌ လုံခြုံရေးအထူးသတိရှိကုန်ကြပါ၏။ ပြုလုပ်သူ အိုစမာဘင်လာဒင်သည် မုတ်ဆိတ်မွေးနှင့်ဖြစ်၏။ အမေရိကန် လေဆိပ် လုံခြုံရေး

လူငယ်တို့သည် မှတ်ဆိပ်နှင့်ခရီးသည်တို့ကို အထူးသတိထားရှာဖွေခြင်း၊ လုံခြုံရေး တင်းကြပ်မှုတို့ကို ပြု၏။ ထိုအခါ လုံခြုံရေးအကြီးအကဲတွေက လူငယ်တွေကို သင်ပေးသည်မှာ-

"အိုစမာဘင်လာဒင်ကို Analysis လုပ်ရင် မှတ်ဆိတ်မွှေး ကို အာရုံမစိုက်နဲ့။ သူ့စိတ်ထဲက အမေရိကန်မုန်းတီးစိတ်ကို

မြင်အောင်ကြည့်။ မှတ်ဆိတ်နဲ့လူတွေထဲမှာအမေရိကန်ရဲ့ မိတ်ဆွေ တွေလည်း အများကြီးရှိတယ်။ မှတ်ဆိတ်မပါရင်လဲ အမေရိကန် ကို မုန်းနိုင်တာပဲ။ မှတ်ဆိတ်နဲ့ အမေရိကန်မုန်းတီးစိတ်ကို ခွဲခြမ်း စိတ်ဖြာခြင်း ဗဟုသုတ လုပ်နိုင်ရမယ်" ဟု သင်ပေး၏။ အမေရိကန် သမ္မတကြီး ဂျော့ဘုရှ်ကလည်း ဒီလိုခွဲခြမ်းစိတ်ဖြာပြပါတယ်။

"ကျွန်တော်တို့ အမေရိကန်နိုင်ငံကို လာလည်ကြမယ် ဆိုရင် ဘယ်သူပဲ လာလာ၊ ဘယ်နိုင်ငံကပဲလာလာ၊ မှတ်ဆိတ်နဲ့ လာလာ၊ မှတ်ဆိတ်မပါဘဲလာချင်လာ ခင်လို့မင်လို့လာလည်တာ မျိုး၊ ပညာ သင်ချင်လို့လာတာမျိုးကို ကြိုဆိုတယ်။ အန္တရာယ်ပြုရအောင် လာတာဆိုရင်တော့ ဘယ်သူ့ကိုမဆို ပြင်းပြင်းထန်ထန် အရေးယူခြင်းခံရမယ်" ဟု ပြောပြခဲ့ပါ၏။

ထို့ကြောင့် မှတ်ဆိတ်သည် အမေရိကန်၏ ရန်သူမဟုတ်။ အမေရိကန် မုန်းတီးစိတ်သည်သာ အမေရိကန်၏ ရန်သူဟု ဆိုပါ၏။

စာရေးဆရာကြီး သော်တာဆွေ Analysis လုပ်ခဲ့ပုံ

၁၉၈၆ခုနှစ်လောက်က ကျွန်တော်သည် လုံမလေးအမည် ရှိ မဂ္ဂဇင်းတစ်စောင်ကို ဖတ်ကြည့်ရာ မှတ်မှတ်ရရဆောင်းပါး တစ်ပုဒ်မှာ စာရေးဆရာကြီး သော်တာဆွေရေးခဲ့သော "လုံမလေး တို့သိဖို့ရာ" အမည်ရှိ ဆောင်းပါးဖြစ်၏။ ဆောင်းပါးပါ အကြောင်း

အရာ ကတော့ ဒီလိုပါ တစ်နေ့သောအခါဝယ် စာရေးဆရာကြီး သော်တာဆွေ၏အိမ်သို့ သူနှင့် အလွန့်အလွန်ရင်းနီးသော မိတ်ဆွေ လင်မယားလာလည်ရာ

သူတို့၏ အသက် ၂၀ခန့်အရွယ် အလွန့် အလွန်ချောသော သမီးပျိုလေးပါလာ၏။ လာရင်း ကိစ္စကတော့ သူတို့၏ သမီးလေးကို ရုပ်ရှင်မင်းသမီး ဖြစ်စေ ချင်ပါသောကြောင့် ရုပ်ရှင်ဒါရိုက်တာ ကုမ္ပဏီပိုင်ရှင်တစ်ဦးဦးထံ အပ်နှံပေးပါမည့် အကြောင်း ဆရာကြီးသော်တာဆွေကို အကူအညီလာတောင်း တာ ပါ။ ထိုအခါ စာရေးဆရာကြီး သောတာဆွေက ဒီလိုပြောပါတယ်။

"ခင်ဗျားတို့ကတော့ လူရင်းတွေဆိုတော့ ကူညီရမှာပေါ့ ဗျာ။ ကျုပ်နဲ့ သိပ်ခင်တဲ့ ဒါရိုက်တာသာမုခများသေရှာပါပြီ။ ဒါပေမဲ့ သူရဲ့သား တွေ သုမောင်တို့ညီအစ်ကိုတွေ ကျန်သေးတယ်။ ကျွန်တော် လိုက်အပ်ပေးပါမယ်ဆိုကာ သုမောင်တို့ထံသွားသည် ဆိုပါ၏။ သုမောင်က ဝမ်းသာအားရခရီးဦးကြိုပြု၍ ဒီလိုပြောရှာ တယ်။ "ဦးလေး သော်တာဆွေ ကိုယ်တိုင် လာအပ်တယ်ဆိုတော့ ဒီကလေးမလေးကို စင်တင်နိုင်ဖို့ သူ့ကို ကျွန်တော်တို့ သေချာ လေ့လာပါမယ်" ဟု ဆိုပါ၏။

ထိုအခါမှ သော်တာဆွေသည်လည်း သတိတရနဲ့ ကိုယ့် မင်းသမီး လောင်းလျာကို ကိုယ်သေချာပြန်ကြည့်မိ၏။ "ဟိုက်" ဤအသံကတော့ စာရေးဆရာကြီး သော်တာဆွေ ရုတ်တရက်လန့် သွားသံပါ။ ကလေး မလေးက အံ့သြစွာဖြင့် "ဘဘ သော်တာဆွေ၊ ဘာဖြစ်လို့ပါလဲရှင့်"

"ဟဲ့ သမီး ... သမီးကမျက်ခုံးမွေးမပါဘူးလား။ ဘယ်လို ဖြစ်တာလဲ"

ထိုအခါမှ ကလေးမလေးသည် ခိုးခိုးခစ်ခစ်ရယ်လျက်

"ပါပါတယ်ဘဘရဲ့ သမီးကမျက်ခုံးမွေးတွေရိတ်ထားတာပါ"

"ဘာဖြစ်လို့ ရိတ်ရတာလဲ"

"လှအောင်လို့ပါ ဘဘ"

"ဟေ ... မြတ်စွာဘုရား"ဟု သော်တာဆွေလန့်မိ၏။ ဆရာကြီး သော်တာဆွေလန့်မိ၏။ ဆရာကြီးသော်တာဆွေသည် အိမ်အပြန်လမ်းဝယ်

မရှင်လန်းဘဲပြန်ခဲ့၏။ ကလေးမလေးကို သူဘယ်လိုထုတ်ဖော် ဆုံးမရမှန်း မသိခဲ့လို့ပါ။ ဒီလိုပါ။ လှအောင် လို့ မျက်ခုံးမွေးရိတ်တယ်ဆိုတာ ယောကျ်ားလေးတွေကြည့်ဖို့ပါ။ ယောကျ်ားလေးတွေက မိန်းကလေးတွေကိုကြည့်ပြီး ကြိုက်တဲ့အခါ မျက်ခုံးမွေးရှိ မရှိကို ကြည့်တာမဟုတ်။ ဘယ်နေရာကိုကြည့်ပြီး ကြိုက်တာလဲဆိုတာသူ့လို အရွယ်ကြီးစာရေး ဆရာဘဘကြီး တစ်ယောက်အနေနဲ့ ဘယ်လိုရေးပြရမှာလဲ စာရှုသူဟု မေးခွန်း ထုတ်ရင်းဆောင်းပါးကို အဆုံးသတ်ခဲ့ပါ၏။

တကယ်တော့ ယောကျ်ားလေးတွေက မိန်းကလေး တစ်ယောက်ကိုကြည့်ရင် ကောင်းခြင်းငါးဖြာကို ကြည့်ပါတယ်။ မျက်ခုံးမွေးရှိခြင်း မရှိခြင်းကိုသည် ကောင်းခြင်းငါးဖြာနဲ့ မဆိုင်ပါ

ခင်ဗျာ။ သို့ပါ၍ မိန်းကလေးအချို့သည် မိမိခန္ဓာကိုယ်ကို ဗညရူပျေ မလုတ်တတ်ပါဟု ဆိုရမည်။ တကယ်ဆိုရင် ခန္ဓာကိုယ် အချိုး အစား ပြေပြစ်အောင် အသားအရေလှအောင် လေ့ကျင့်ခန်းလုပ် တာတို့ ဗီတာမင်စားတာတို့ လုပ်သင့်ပါတယ်။

တရုတ်ခေါင်းဆောင်ကြီးတင့်ရှောက်ဖိန်

Analysis လုပ်ပုံ

တရုတ်ပြည်ခေါင်းဆောင်ကြီးတင့်ရှောက်ဖိန်သည် မော်စီတုန်း၏ နိုင်ငံရေး အမွေကို ဆက်ခံခဲ့ရပါ၏။ မော်စီတုန်း၏ စီးပွားရေးလမ်းစဉ်မှာ ကွန်မြူနစ်စီးပွားရေး လမ်းစဉ်ဖြစ်၍ ပန်းတိုင် မှာ တရုတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးခြင်းဖြစ်၏။ သို့သော် ကွန်မြူနစ် စီးပွားရေးလမ်းစဉ်ဖြင့် ချီတက်ရာတွင် နိုင်ငံသည် ဖွံ့ဖြိုးမှုနေးကွေး သည်။ တင့်ရှောက်ဖိန် လက်ထက်၌ တင့်ရှောက်ဖိန်သည် ပန်းတိုင် နှင့် ကွန်မြူနစ်စီးပွားရေး လမ်းစဉ်ကို ခွဲခြမ်းစိတ်ဖြာ၍ ခွဲခြားမြင်၏။ ဘယ်လမ်းစဉ်နဲ့သွားသွား ပန်းတိုင်ရောက်ဖို့ အရေးကြီးပါ၏။ တင့်ရှောက်ဖိန်က ဈေးကွက် စီးပွားရေးလမ်းစဉ်ကိုပြောင်း၏။ လမ်းစဉ်ပြောင်းသော်လည်း ပန်းတိုင်သည် မထိခိုက်သည်မှာ လမ်းစဉ်နှင့်ပန်းတိုင်သည် သပ်သပ်စီဖြစ်၏။ တင့်ရှောက်ဖိန်က ပြောတာကတော့ကြောင်ဆိုတာ အထီးဖြစ်ဖြစ် အမဖြစ်ဖြစ် ကြွက်ခုတ်ဖို့ပဲ

အရေးကြီးတယ်ဟုဆို၏။ ထို့ကြောင့် ကြောင်၏ Gender (ကျား/မ)ဆိုတာကို ကြွက်ခုတ်စွမ်းရည်နှင့် ခွဲခြားမြင်၏။ တင့်ရောက်ဖိန်၏ ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်ကြောင့် တရုတ်ပြည်သည် စျေးကွက်စီးပွားရေးစနစ်အောင်မြင်ပြီးတိုးတက် ခဲ့ပါ၏။

အယ်ဒီတာချုပ်တစ်ယောက်ကိုဘယ်လို

Analysis လုပ်မလဲ

ကျွန်တော်သည် နံနက်တိုင်း စောစောထ၍ လက်ဖက် ရည်ဆိုင်တစ်ခုဘေးက လမ်းဘေးဂျာနယ်ဆိုင်တစ်ခုတွင် ဂျာနယ် ဖတ်ရင်း အခြား ဂျာနယ်ဖတ်သူ၊ ဂျာနယ်ရောင်းသူတို့နှင့် ဝေဖန်ရေး၊ လေကန်ရေးလုပ်လေ့ရှိ၏။ လွန်ခဲ့သော(၁)နှစ်လောက် က ဂျာနယ်တစ်စောင်ကို ကောက်ကိုင်လိုက်ပါ၏။ ထိုအခါ ဂျာနယ်ဖတ်သူ တစ်ယောက်က ဒီလို ဝေဖန်ပါတယ်။

"အဲဒီဂျာနယ်ရဲ့ အယ်ဒီတာချုပ်က xxxရဲ့သားသမီးဆိုပါ လား" ဟုဆိုရာ နောက်တစ်ဦးက

"ဟာ ဒါဆိုရင် မာနကြီးပြီပေါ့ဗျာ"

ဟု ဆိုလာပါ၏။ ကျွန်တော်ကတော့ ဂျာနယ်၏ အပြင် အဆင်၊ တည်းဖြတ်ပုံ၊ အာဘော်၊ ရပ်တည်ချက်တွေကို လေ့လာ ၏။ ပြီးတော့ ဒီလိုပြောပြခဲ့ပါတယ်။

"ခင်ဗျားတို့ အယ်ဒီတာချုပ်တစ်ယောက်ကို ခွဲခြမ်းစိတ်ဖြာ ရာမှာ ဘယ်သူ့ရဲ့သမီးလဲ၊ ဘယ်သူ့ရဲ့ကိုကိုလဲ၊ ဘယ်သူ့ရဲ့မမလဲ ဆိုပြီး ရိုးရိုး မျက်စိနဲ့ကြည့်နေလိုတော့ အကျိုးမရှိဘူးဗျာ"

"ဒါဆိုရင် ဘယ်လိုလေ့လာရမှာလဲ"

"အယ်ဒီတာချုပ်ရဲ့ စေတနာ၊ ရပ်တည်ချက်၊ ယုံကြည် ချက်၊ ကျွမ်းကျင်မှု၊ သတ္တိ" စတာတွေကို ကြည့်ရမှာပေါ့။

"ဘယ်လိုကြည့်ရမှာလဲ ဗျာ"

"နောက်ထွက်မယ့် ဂျာနယ်တွေ ဆက်ဖတ်ကြည့်ပါ။ အချိန်တန် လာရင် စိတ်သဏ္ဍာန် (Attitude) ပေါ်လာမှာပါ" ဟု ပြောခဲ့ပါ၏။

အဲဒါကတော့ ကိုယ်ရေး ကိုယ်တာ အချက်အလက်များ Personal Data နဲ့ စတုတ္ထမဏ္ဍိုင်အတွက် အရေးကြီးတဲ့ အချက်များကို ခွဲခြမ်းစိတ် ဖြာခြင်း Analysis လုပ်လိုက်တာပါ။

Personal Data ဆိုတာက ဘယ်သူ့သမီး၊ ဘယ်သူ့ကိုကို၊ ဘယ်သူ့မမ၊ အသက်ဘယ်လောက်ဆိုတာတွေပါ။ Important Data ဆိုတာတွေက စိတ်သဏ္ဍာန်၊ ယုံကြည်ချက်၊ ရပ်တည်မှု၊ ပြည်သူ့ အပေါ် သစ္စာရှိမှုသတ္တိ စတာတွေပါ။

ယခုဆိုလျှင် ကျွန်တော်တို့ နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျနေပါ၏။ ကျွန်တော်တို့သည် ဟိုလူ့ကို အပြစ်တင်ရမလိုလို ဒီလူ့ကို အပြစ် တင်ရမလိုလို ဖြစ်နေ၏။ တကယ်တော့ ဖွံ့ဖြိုးမှုနောက်ကျရတဲ့ အကြောင်းရင်းများစွာထဲမှာ ကျွန်တော်တို့တွေ Analysis အလေ့အကျင့်နည်းတာဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ တင့်ရှောက်ဖိန်ဆိုရင် Analysis လုပ်တာတော်လို့ တရုတ်ပြည် ကြီးပွားသွားတယ်။ သို့ဖြစ်ပါ၍ Analysis အကြောင်းကို ကျွန်တော် သည် ဆောင်းပါးရေး၍ ရှင်းပြမိ၏။

Analysis ကိစ္စဟာ Development အတွက် အလွန်အရေး ကြီးပါသောကြောင့် ကျွန်တော်သည် ဆောင်းပါးရေးရုံဖြင့် မလုံ လောက်ဘဲ ကဗျာနည်းဖြင့်ထပ်မံ ရှင်းပြလိုပါ၏။ ကဗျာရဲ့ ဥပမာ ကတော့ အယ်ဒီတာတစ်ယောက်ကို ခွဲခြမ်းစိတ်ဖြာ နည်းနဲ့ပဲ ဥပမာပေးကဗျာ စပ်ပါရစေ။

ကဗျာ

အယ်ဒီတာကို ခွဲခြမ်းစိတ်ဖြာ

အနဲလဆစ် (Analysis) ပါ

ကိုယ်ရေးကိုယ်တာဘေးချိတ်ထား အရေးမကြီးပါခင်ဗျား

သတိတရားနဲ့ မြင်အောင်ကြည့်

အယ်ဒီတာရဲ့ သတ္တိဟု ဆိုချင်ပါ၏။

•••

# ၆။ ဖွံ့ဖြိုးသောနိုင်ငံသားတို့၏ စရိုက်တစ်ခု (သို့မဟုတ်) နယ်မချဲ့ခြင်းနှင့် နယ်ချဲ့ခြင်းကို လက်ပိုက်ကြည့်မနေကြခြင်း

# (TRUE NEWS ဂျာနယ် 5 July, 2011)

နယ်ချဲ့ဟူသော စကားလုံးကိုကြားလျှင်တော့ မျိုးချစ်စိတ် ရှိသော မြန်မာလူမျိုးတို့က နာကြည်းချက်ကို ခံစားရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ချိန်တုန်းက မြန်မာနိုင်ငံ အင်္ဂလိပ်လူမျိုး လက်အောက်၌ ကိုလိုနီခေတ်ကျေးကျွန် ဘဝနဲ့နေထိုင်ခဲ့ဖူးလို့ပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်တို့ဟာ ကျူးကျော်စစ်ပွဲတွေဆင်နွှဲပြီး၊ သူတို့ရဲ့ဗြိတိသျှအင်ပါယာအတွက် နယ်မြေကိုချဲ့ထွင်ကြတဲ့ အတွက် သူတို့ကို နယ်ချဲ့ဆိုသော စကားရပ်နဲ့ တင်စားခဲ့ဖူးပါ တယ်။ ဒီလိုနဲ့နေလာကြတာ ၁၉၄၈ခုနှစ်ရောက်တော့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ လွတ်လပ်ရေး တိုက်ပွဲဝင်ရဲဘော်ရဲဘက်တွေရဲ့ ကြိုးပမ်းမှုကြောင့် ကျွန်တော်တို့ ဟာ နယ်ချဲ့နဲ့ကင်းဝေးသွားပါတယ်။ နယ်ချဲ့ဝဋ်ကြွေးကုန်ပြီလို့ ထင်ခဲ့ပါတယ်။ တစ်ခါတလေထင်မိခဲ့တာက ဒီဝဋ်ကြွေးဒီမျှနဲ့ ဒီဘဝမှာကျေရပါလို၏ ဘုရားလို့ မြန်မာလူမျိုးတွေ ဆုတောင်း ကောင်းလို့ဆုတောင်းပြည့်တယ် ထင်ခဲ့တယ်။ သို့သော်လည်း တကယ်တော့ ဝဋ်ကြွေးမကုန်သေးဘဲ "ဒီဝဋ်ကြွေး၊ မကုန်ခန်း သရွေ့၊ လည်စင်းခံ ဆပ်မယ်လေ"လို့ အဆိုကျော် စိုင်းထီးဆိုင်ရဲ့ သီချင်းထဲကလို ဆပ်နေရတုန်းပဲဆိုတာ သိလာရပါတယ်။ ကျွန်တော် ဆရာဝန်ဖြစ်တော့ ကျေးလက်ဒေသမှာ ဆေးခန်းဖွင့် တုန်းကရယ်ပါ။ ရွာထဲမှာ ကျွန်တော့်ရဲ့မိတ်ဆွေ ရွာသားတစ်ယောက် က ခြံဝယ် တယ်။ သူဝယ်တဲ့ခြံကို ကျွန်တော်က သွားကြည့်တယ်။ သူက ခြံစည်းရိုး ကာနေပါတယ်။ ခြံစည်းရိုးကာတာရိုးရိုးမကာဘဲ ခြံစည်းရိုးမှာ ထန်းပင်ပေါက်တွေ ရွှေ့စိုက်နေပါတယ်။ ကျွန်တော် က ဘာဖြစ်လို့ဒီလို လုပ်ရတာလဲမေးတော့ ဟိုဘက်ခြံက နယ်ချဲ့ မှာစိုးလို့ဆိုပြီး ပြောပါတယ်။

တစ်ခါတလေအိမ်ရှင်ခြံရှင်တွေက အိမ်ပိတ်ပြီးခရီး ထွက်တဲ့အခါမှာ လည်းကောင်း၊ လစ်ရင်လစ်သ လိုလည်းကောင်း၊ ခြံစည်းရိုးတိုင်တွေကို ခိုးရွှေ့ပြီးနယ်ချဲ့တတ်တယ် လို့ ဆိုပါတယ်။ ထန်းပင်စိုက်ထားတော့ ထန်းပင်အမြစ် ထွက်သွား ရင် ခိုးရွှေ့လို့မလွယ်ဘူးလို့ ဆိုပါတယ်။ အဲဒါကတော့ လွတ်လပ် ရေးရပြီး ခါစမှ ဖြစ်တတ်တဲ့နယ်ချဲ့သဘာဝပါ။

တောမှာနေခဲ့တဲ့ တောသားကျွန်တော်ဟာ တစ်နေ့တော့ ရန်ကုန်ရွှေမြို့တော်ကြီးကို ပြန်လည်ရောက်ရှိလာပါတယ်။ ကျွန်တော်ဟာ ရန်ကုန်မြို့ရဲ့အချက်အချာကျပြီး လူဦးရေ သိပ်သည်းထူထပ်တဲ့ ရှစ်ထပ်ကန်ထရိုက်တိုက်တွေပေါများတဲ့ မြို့နယ်တစ်ခုမှာ နေပါတယ်။ နေအိမ်ကနေရုံးကို လမ်းလျှောက်သွား တော့ လမ်းမကြီးဘေးတစ်လျှောက် ဘတ်စ်ကားတွေပြေးတဲ့ လမ်းမ ကြီးတစ်ခုရဲ့ဘေးကနေလမ်းလျှောက်သွားပါတယ်။ အဲဒီမှာ တချို့ မြေညီထပ်လူနေခန်းတွေဟာ ဆိုင်ခန်းတွေ လုပ်နေပါတယ်။ အဲဒီမှာ ဆိုင်ခန်းတချို့က သူတို့ရဲ့ဆိုင်ရှေ့ပလက်ဖောင်းပေါ်မှာ မြှားတိုင် လေးတွေစိုက်ပြီး စာရေးထိုးထားပါတယ်။ မြှားအတွင်း ယာဉ်မရပ်ရ ဆိုင်သို့လာသောကားများသာ ဆိုပြီး ကပ်ထားပါတယ်။ တကယ်တော့ ဆိုင်ရှေ့ပလက်ဖောင်းက ပုဂ္ဂလိကပိုင်မဟုတ်ပါဘူး။ အများသူငါလူသွားလမ်းပါ။ သူတို့ရဲ့ မြေဂရန် နယ်နမိတ်က ပလက် ဖောင်းမပါပါဘူး။ ဆိုင်ရှေ့ကားလမ်းကလည်း သူတို့ပိုင် မဟုတ်ပါ ဘူး။ အများသူငါယာဉ်သွားလမ်းပါ။ ဒီတော့ နယ်ချဲ့သလို ဖြစ်နေ ပါတယ်။

ယာယီနယ်ချဲ့ခြံတိုင်

ကျွန်တော်တောမှာနေတုန်းကတော့ မူလမြေပိုင်ရှင်က သူ့ရဲ့မြေကို နယ်ချဲ့မှာစိုးလို့ သူ့ရဲ့ခြံစည်းရိုးကို ထန်းပင်စိုက်ပြီး အသေသတ်မှတ် ရပါတယ်။ မြို့ပေါ်မှာတော့ နယ်ချဲ့သူတွေက သူတို့ကိုယ်သူတို့နယ်ချဲ့မှန်းသိတယ်။ ဒီတော့ သက်ဆိုင်ရာက လာပြောရင် အလွယ်တကူနောက်ဆုတ်လို့ရအောင် ရွှေ့ပြောင်းခြံ တိုင်ဆိုတာ လုပ်ပါတယ်။ ကျွန်တော် လေ့လာကြည့်တော့ အိမ်သုတ်ဆေးသဘော်ဆေးထည့်တဲ့ သံပုံးအလွတ်ထဲမှာ ခါးလယ်

လောက်ဝါးတိုင်ကိုထောင်ပြီး ဘိလပ်မြေလောင်းထားပါတယ်။ ဒီတော့ ယာယီတိုင်ထောင်လေးတွေဖြစ်နေတာပေါ့။ ရှစ်ထပ် ကန်ထရိုက်တိုက် မြေညီထပ် အချို့ကယာယီခြံတိုင်တွေ စိုက်ကြပါ တော့တယ်။ ဒီတော့ ပလက်ဖောင်းကိုနယ်ချဲ့တော့ ပလက်ဖောင်း ရဲ့မူလ လမ်းဘေးနယ်ချဲ့သူစျေးသည်က ကတ္တရာလမ်းပေါ်ကို နယ်ချဲ့ရပါတော့တယ်။ နယ်ချဲ့တာချင်းအတူတူတောင် အင်အား သေးတာနဲ့အင်အား ကြီးတာကွာသေးတယ်။

ဒီတော့ လမ်းလျှောက်သူတွေကလည်း လမ်းပေါ်ကစျေး သည်ကိုရှောင်ပြီး ကတ္တရာလမ်းပေါ်က လျှောက်ရတော့ မော်တော် ကားတွေက ကသိကအောက်ဖြစ်ပါတယ်။ နိုင်ငံခြားမှာတော့ မြေကြီးပေါ်မှာလည်း မောင်းလို့ရတယ်၊ လေထဲမှာလည်း အတောင်တပ်ပြီးမောင်းလို့ရတဲ့ ကားပျံဆိုတာပေါ်နေပြီဆိုတာ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံ မော်ဒယ်နိမ့်ကားတွေက အဲဒီလိုမှ လုပ်လို့မရတာ။ ဒီတော့ လမ်းပိတ်ဆို့ခြင်း Traffic Block တွေ ဖြစ်ကုန်တာပေါ့။

နယ်ချဲ့တဲ့အဖီ

တချို့တိုက်တွေမှာ မြေညီထပ်တွေက ခပ်တည်တည်နဲ့ အပြင် ဘက်ကို အဖီထုတ် အမိုးမိုးထားပါတယ်။ ပြီးတော့ နံရံကာ လိုက်တော့ တိုးချဲ့အဆောက်အအုံလေးတစ်ခု ဖြစ်နေပါတယ်။

နယ်ချဲ့ထီး

နယ်ချဲ့ထီးဆိုတာကတော့ မြေစိုက်ထီးတစ်ခုပေါ့။ အမြင့် ၇ပေလောက်ရှိပြီး ခေါက်သိမ်းလို့လည်းရတယ်။ ဒီတော့တချို့က နယ်ချဲ့ထီးကို ထုတ်ပြီးခုံခင်းကြပါတယ်။

နယ်ချဲ့တဲ့လေးတိုင်စင်အမိုး

ယခုအခါ ခေါက်သိမ်းလို့ရတဲ့ အမိုးဆိုတာ ပေါ်နေပြန်ပါ ပြီ။ အဲဒါကိုအများ ပြည်သူဆိုင်ရာ လမ်းမပေါ်ကို ထုတ်ခင်းပြီး စျေးရောင်း ကြပါတယ်။

ဒါန်း၊ ခုံတန်းလျားများ

မြို့ပြင်မှာ ခြံနဲ့နေလို့ မိမိပိုင်ခြံထဲမှာ ဒါန်းကိုဆင်တာက တော့ ထားပါတော့။ မြို့ထဲက အထပ်မြင့်တွေမှာ နေရတဲ့အခါကျ တော့ တချို့က ဒါန်းကိုအများပိုင်လမ်းဘေးမှာ ထွက်ပြီးခင်းကြပါတယ်။

နယ်ချဲ့ပန်းအိုးများ

တချို့ကလည်း အများပိုင်ပလက်ဖောင်းပေါ်မှာ ပန်းအိုး တွေ တင်ကြပါတယ်။

နယ်ချဲ့ခြင်း၏သားကောင်ကလေးငယ် (သို့မဟုတ်) ငါးနှစ်သားလေး မောင်ခန့်ငြားသန့်

ခရစ်နှစ် ၂၀၁၁ ရဲ့ မတ်လထဲမှာ အဖြစ်အပျက်တစ်ခုက ကျွန်တော့်ရှေ့မှာတင် ဖြစ်ပျက်ခဲ့ပါတယ်။ ရန်ကုန်မြို့ရဲ့လူစည်း ကားရာ လမ်းတစ်လမ်းမှာ ဖြစ်ခဲ့တာပါ။ လမ်းမပေါ်ကို နယ်ချဲ့ကြ တယ်။ ဒီတော့ ကတ္တရာလမ်းမှာ ခါတ်ဆီ၊ ဒီဇယ်တန်းစီတဲ့ ကားတန်းကြီးကရှိနေ ပြန်ပါတယ်။ အဲဒီအချိန်မှာ ငါးနှစ်အရွယ် သားငယ်လေး ခန့်ငြားသန့်ကို သူရဲ့အဒေါ်က ပွေ့ချီပြီး ဆိုက်ကား စီးလာပါတယ်။ လမ်းမပေါ်မှာ ကားတွေပိတ်တော့ ကားဒရိုင်ဘာ တွေက စိတ်မရှည်တော့ပါဘူး။ ဒီတော့ ကားကို ဆိုက်ကားနားက ပွတ်ဆွဲလိုက်ပါတယ်။ ကားဟာအရှိန်ပြင်းစွာနဲ့ ဆိုက်ကားနားက ဖလက်မလောက်အကွာအဝေးကနေ ဖြတ်သွားပါတယ်။ တိုက်မိ တာတော့ မဟုတ်ပါ။ ခန့်ငြားသန့်က လန့်ပြီးခြေထောက်ကို တိမ်းရှောင်လိုက်တာ ခြေဖနောင့်ဟာ ဆိုက်ကားဘီးနဲ့ ဘီးဖုံးကြား ညပ်ပြီး အရေပြားကြီးလန်သွားတာ တစ်လလောက် အနာကို ဆေးထည့် ရပါတယ်။ ခန့်ငြားသန့်ဟာ အပြစ်မဲ့တဲ့ ကလေး တစ်ယောက်ပါ။ ဒါတွေကို ဝေဖန်ပိုင်းခြားလိုက်တော့ ပလက် ဖောင်းပေါ်၊ လမ်းမပေါ်တွေမှာ နယ်ချဲ့လို့ဖြစ်ကြရတာပါ။

ယခင်တုန်းက အင်္ဂလိပ်နယ်ချဲ့ကိုတော့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ တော်လှန်ရေးရဲဘော်တွေက တိုက်ခဲ့ပါတယ်။ အဲဒီလို တိုက်ဖို့ ဂျပန်ပြည်မှာ စစ်ပညာ သင်ခဲ့ရပါတယ်။ လက်နက်ကိုင်ပြီး တိုက်ခဲ့ရလို့လက်ရုံးရည်တိုက်ပွဲလို့ ခေါ်နိုင်ပါတယ်။

ယခုအခါ နယ်ချဲ့တွေကိုတော့ လက်နက်နဲ့တိုက်လို့မရပါဘူး။ တကယ်တော့ သူတို့ဟာ ကျွန်တော်တို့နဲ့တစ်နိုင်ငံတည်းသားညီအစ်ကိုတွေပါ။ ဒီတော့ သူတို့ကို ဒီလိုလုပ်တာမကောင်းဘူးဆိုတာ ရှင်းပြရမယ်။ အဲဒါကို နလုံးရည်တိုက်ပွဲလို့ခေါ်ပါတယ်။ ၁၉၆၂ခုနှစ်လောက်တုန်း ကဆိုရင် ကျွန်တော်တို့ရဲ့ အမိနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ ထိပ်တန်းနိုင်ငံပါ။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း တွေဖြစ်တဲ့ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့ဟာ ကျွန်တော့်တို့နိုင်ငံထက် ဖွံ့ဖြိုးရေး နောက်ကျပါတယ်။ ခုတော့ ကျွန်တော်တို့ကကျန်ခဲ့ပြီ။ ကျွန်တော်တို့ နိုင်ငံသားတွေ အားလုံးဟာ အရှေ့တောင်အာရှဒေသရဲ့ထိပ်တန်းဖွံ့ဖြိုးရေးနိုင်ငံနေရာကို ပြန်ယူချင်လိမ့်မယ်ဆိုတာ ရာနှုန်းပြည့်ယုံကြည်မိပါတယ်။ တကယ်တော့ တိုင်းပြည်ရဲ့ ဝင်ငွေ (GDP)(GNP) စတာတွေ၊ ပညာရေး၊ ကျန်းမာရေးတွေ တိုးတက်ရုံနဲ့ နိုင်ငံကို တိုးတက်တယ်လို့ ခေါ်ရင်မပြည့်စုံသေးပါဘူး။ နိုင်ငံသား တို့၏ စိတ်ဓာတ်ဖွံ့ဖြိုးရေး Attitude Development ဖြစ်ဖို့လည်း လိုပါတယ်။ စိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုတာမှာ နယ်ချဲ့ချင်တဲ့စိတ်ဓာတ် ပျောက်ဖို့လည်း လိုပါတယ်။

ဒီဆောင်းပါးကို ဖတ်မိတဲ့အခါ နယ်ချဲ့ကြသူတွေ စိတ်ဆိုး ကြမယ်ထင်ပါတယ်။ တကယ်တော့လည်း ဒါဟာတိုင်းပြည်နိုင်ငံ တစ်ခု ဖွံ့ဖြိုးရေးအတွက် နလုံးရည်နည်းလမ်းအားဖြင့် လုပ်ဆောင်ချက် တစ်ခု ရယ်လို့ မှတ်ယူပေးပါလို့ဆိုချင်ပါကြောင်း။

•••